# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၃]

**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးတစ်ခုတည်းကိုသာ ကာကွယ်ရန်အတွက်မဟုတ်ဘဲ ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာ အဆင့်အတန်းများကို ထိန်းသိမ်းပေးရန်တာဝန်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊

*စာမျက်နှာ ၃ ကော်လံ ၁* *

# ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းဈေးနှုန်းကျဆင်းခြင်းကြောင့် ဝယ်ယူရာတွင် အဆင်ပြေ

စာမျက်နှာ-၁၂



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ဆေးဝါးတုတိုက်ဖျက်ရေး ဝိုင်းဝန်းကြိုးပမ်း

လူအများစုအနေဖြင့် နာမကျန်းဖြစ်ပြီဆိုလျှင် ဦးစွာ ပထမနီးစပ်ရာ ဆေးဆိုင်များမှ ဆေးများဝယ်ယူကာ သောက်သုံးလေ့ရှိကြပါသည်။ ထိုသို့အိမ်သုံးဆေးဝါးများကို အလွယ်တကူ ဝယ်ယူသောက်သုံးနေကြခြင်းဖြင့် ယာယီ နာမကျန်းမှုများကို ကုစားနိုင်သော်လည်း ရေရှည်တွင် နောက်ဆက်တွဲ ပြဿနာများစွာရှိနေပါသည်။ ဆရာဝန် ညွှန်ကြားချက်မရှိဘဲ ဆေးဝါးများသောက်သုံးနေခြင်းသည် များစွာ အန္တရာယ်ကြီးမားလှပေသည်။ ထို့ထက်ဆိုးဝါးသည်မှာ ယခုအခါ ဆေးဝါးတုများ ပေါ်ပေါက်နေကြောင်း ကြားသိနေရ ပါသည်။ ဆေးဝါးတုများ သောက်သုံးမိခြင်းဖြင့် ပိုမိုဆိုးရွားသော ကျန်းမာရေးထိခိုက်မှုပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိ ပါသည်။

ဆေးသယ်ဆောင်သူတစ်ဦးအနေဖြင့် ဆေးဝါးအတုအစစ်ကို ခွဲခြားနိုင်ခြင်းမရှိပါ။ ဆေး၏အရည်အသွေး ပြည့်ဝမှု ရှိ မရှိသိရှိနိုင်ရန် လိုအပ်လာပြီဖြစ်ပါသည်။ အရည်အသွေး မပြည့်မီသော ဆေးဝါးများ၊ ဆေးဝါးတုများ တင်သွင်းရောင်းချ ခြင်းကြောင့် မလိုလားအပ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာ များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ဆေးဝါးတုများ ဈေးကွက်များအတွင်း စိမ့်ဝင်ရောက်ရှိလာမှုအပေါ် ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (Interpol) အတွင်းရေးမှူးချုပ်ရုံးမှဦးဆောင်၍ ဆေးဝါးတုတိုက်ဖျက်ရေး အစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကာ ဆေးဝါးတုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။ ဆက်လက်၍လည်း ဆေးဝါးတုများ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အင်တာပိုလ်အဖွဲ့ကြီးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများအား ခြောက်ရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားအိမ်သုံးဆေးဝါးများကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းဖြန့်ဖြူးလျက်ရှိပါသည်။ ယခုအခါ အင်တာပိုလ်ရဲအဖွဲ့က နိုင်ငံဖြတ်ကျော်မှုခင်းများအပြင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးဝါးတုများ တိုက်ဖျက်ရေးကို အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ လူမှုကွန်ရက်များမှ တစ်ဆင့် တရားမဝင်ဆေးဝါးရောင်းဝယ်သူများ ပေါ်ပေါက်လျက်ရှိပါသည်။ အင်တာနက် အွန်လိုင်းအသုံးပြု၍ တရားမဝင် ဆေးဝါးများရောင်းချမှုကြောင့် မလိုလားအပ်သော ကျန်းမာရေး ပြဿနာများလည်း ပေါ်ပေါက်နေကြောင်း ကြားသိနေရပါ သည်။

သို့ဖြစ်၍ ဆေးဝါးတုများ ပေါ်ပေါက်နေခြင်းအပေါ် သာမန်ပြည်သူများအနေဖြင့် မသိနိုင်သော်လည်း ပြည်ပမှ ဆေးဝါးတင်သွင်းနေသော ကုမ္ပဏီများ၊ ဆေးဝါးလက်လီ အရောင်းဆိုင်များ၊ ဆေးဝါးထိန်းချုပ်ရေး တာဝန်ရှိသူ အသီးသီးက ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ယင်းမာပင်ခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက်က အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် မှန်ဦးကို တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တရားရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်း ခရိုင် တရားရုံး အဆောက်အအုံကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ပြည်ထောင်စုရန်ပုံငွေကျပ်သိန်းပေါင်း ၂၅၃၂ သိန်း အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# တိန်းသော်-ဟဲလုံး မြေသားလမ်းဖောက်လုပ်

**ဇန်းမော် ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တိန်းသော်-ဟဲလုံး လမ်း(၃/၀) မိုင် မြေသားလမ်းဖောက်လုပ်လျက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်နှင့်အဖွဲ့က ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**






# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၉ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဌာနက မိုးပွင့်အထူး အပိုင်း(၂) စီမံချက်ဖြင့် အသက် ၁၀နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၅၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အခုလို သက်ဆိုင်ရာက အခြေခံပညာအထက်တန်းကျောင်းကို ကွင်းဆင်းပြီးနိုင်ငံသားစိစစ်ရေးကတ်ပြားတွေ One Stop Service စနစ်နဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် အခက်အခဲမရှိတော့ဘူး။ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ မိဘတွေကိုယ်စား ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု အထက(၂) ကျောင်းအုပ်ကြီးက ပြောကြားသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။





**နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။ **(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထား၊ လမ်းစဉ်များကို ပြောကြားခဲ့စဉ်က ပြည်တွင်းရေးရာ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဥပဒေပြုရေး အစီအစဉ်များကို သက်ဆိုင်ရာ လွှတ်တော်များသို့ တင်သွင်းပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် စတုတ္ထမဏ္ဍိုင် ဖြစ်သည့် သတင်းမီဒီယာများနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်မလျော်ညီသည့် စာပေစာနယ်ဇင်းဆိုင်ရာဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းအား ကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၁ ခုနှစ် မတ် ၃၁ ရက် မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင်လည်း စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားရန် လိုအပ်ကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူများသိသင့် သိထိုက်သည့်အချက်များကို အသိပေးသွားရန်လိုအပ်သကဲ့သို့ စာနယ်ဇင်းများ၏ အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားရန်လိုအပ်မည်ဟု ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

ထိုသို့ ရည်ညွှန်းပြောကြားမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်တွင် ကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်ထောက်ပြရေးသားသည့် စာနယ်ဇင်းများ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရတာဝန်ယူပြီး တစ်နှစ်နှင့် ငါးလအကြာ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များနှင့်အညီ ခေတ်နှင့် မလျော်ညီတော့သည့် စာပေစိစစ်ရေးစနစ်ကို အပြီးတိုင် ဖျက်သိမ်းပေးခဲ့ပါကြောင်း၊ တစ်ချိန်တည်းတွင် ဒီမိုကရေစီနိုင်ငံတစ်ခုကို ထူထောင်ရာ၌ အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည့် စာပေဆိုင်ရာ လွတ်လပ်သော အဖွဲ့အစည်းများ ပေါ်ပေါက်လာနိုင်ရေးအတွက် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)ကို စတင်ဖွဲ့စည်းပေးခဲ့ပါကြောင်း။

စာနယ်ဇင်းကောင်စီ (ယာယီ) အနေဖြင့် သတင်းမီဒီယာဥပဒေ တစ်ရပ် ပေါ်ထွန်းလာရေးကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် တစ်ဖက်တွင်လည်း နိုင်ငံကို သိမ်မွေ့ညင်သာသော အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သတင်းမီဒီယာများအနေဖြင့် လွတ်လပ်မှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို ကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ် ရပ်တည်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရပါကြောင်း။

ယနေ့အချိန်တွင် မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်လျော်ညီသော သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်ကလည်းကောင်း၊ နည်းဥပဒေကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်က လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းမီဒီယာ နည်းဥပဒေ၏ အခန်း ၃ ပါ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကိုပါ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ ယနေ့တွင် နည်းဥပဒေပုဒ်မ ၁၄ ပါအတိုင်း နိုင်ငံတော်သမ္မတရှေ့မှောက်၌ ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ကြပြီဖြစ်ပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးတစ်ခုတည်းကိုသာ ကာကွယ်ရန်အတွက်မဟုတ်ဘဲ ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ ပြည်သူများ၊ သတင်းမီဒီယာများ၏ စောင့်ကြည့်ဝေဖန်ခြင်းကို ခံရမည့် မဏ္ဍိုင်များအနေဖြင့် မှန်ကန်တိကျပြီး အရည်အသွေးပြည့်ဝသည့် သတင်းအချက်အလက်များကို ရရှိစေရန်အတွက် စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာ အဆင့်အတန်းများကို ထိန်းသိမ်းပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ရှိကြောင်း၊ အဆိုပါ တာဝန်များကို သတင်းမီဒီယာ ကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

သတင်းမီဒီယာကောင်စီသည် ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်းအတွက်လည်း ဥပဒေအရဆောင်ရွက်ပေးနိုင်သည့် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကိုလည်း သတင်းမီဒီယာကောင်စီအနေဖြင့် ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးသွားကြရတော့မည် ဖြစ်ပါကြောင်း၊ တိုင်ကြားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာဖြင့် အများယုံကြည်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ကျင့်ဝတ်ဆိုင်ရာပြဿနာများနှင့် ပတ်သက်ပြီး တရားရုံးများတွင် ဖြေရှင်းရမည့်အစား သတင်းမီဒီယာကောင်စီတွင် ဖြေရှင်းကြသည်ဆိုတာကို နိုင်ငံတကာ စာနယ်ဇင်းကောင်စီများ၏ ဖြစ်စဉ်များအရ တွေ့မြင်နိုင်ပါကြောင်း။

ထို့ကြောင့် သတင်းမီဒီယာကောင်စီ၏ တိုင်ကြားမှုညှိနှိုင်းဖြေရှင်းရေးလုပ်ငန်းစဉ်ကို အသက်ဝင်အောင် လုပ်ဆောင်ရန်အတွက် အားလုံးပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာများနှင့်ပတ်သက်ပြီး စာပေစိစစ်ရေးစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးခဲ့ခြင်း၊ ခေတ်နှင့်လျော်ညီသော သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများကို လွတ်လပ်သော စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေးဆွဲပြဋ္ဌာန်း ပေးနိုင်ခဲ့ခြင်း၊ လွတ်လပ်ပြီး အမှီအခိုကင်းသည့် သတင်းမီဒီယာ ကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အပါအဝင် စာနယ်ဇင်းအသင်းအဖွဲ့များနှင့် မီဒီယာများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# ဆီးရီးယားဒုက္ခသည်လေယာဉ် ကနေဒါသို့ ပထမဆုံးဆိုက်ရောက်



**တိုရွန်တို ဒီဇင်ဘာ ၁၁**

ဆီးရီးယား ဒုက္ခသည်များအား လက်ခံနိုင်ရေး ပြင်ဆင်မှုများ လအတန်ကြာ ကြိုးပမ်းခဲ့ကြပြီးနောက် ပထမဆုံးသောဆီးရီးယား ဒုက္ခသည် တင်လေယာဉ်သည် ကြာသပတေး နေ့က တိုရွန်တိုလေဆိပ်သို့ ဆိုက်ရောက်လာခဲ့သည်။

အောက်တိုဘာလက ကျင်းပသည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဝန်ကြီးချုပ် ဂျပ်စတင်ထရူဒီယူးက ယခင် ကွန်ဆာဗေးတစ်အစိုးရထက် ဆီးရီးယားဒုက္ခသည်များအား ပိုမိုလက်ခံသွားရန် ကတိပြုထားသည်။

"ဒီညကတော့ အံ့သြဖွယ်ရာပါပဲ။ လေယာဉ်နဲ့ ဆီးရီးယား ဒုက္ခသည်တွေကို ဝင်ခွင့်ပြုတာ ကနေဒါအစိုးရဟာ ပထမဆုံးပါပဲ။ ကနေဒါလေဆိပ် လုပ်သားတွေနဲ့ စေတနာ့ဝန်ထမ်းတွေဟာ ဆီးရီးယား ဒုက္ခသည်တွေကိုကြိုဆိုဖို့ အသင့်စောင့်ဆိုင်းနေခဲ့တာပါ"ဟု ဝန်ကြီးချုပ် ထရူဒီယူးက ပြောသည်။

ဝန်ကြီးချုပ် ထရူဒီယူး၏ လစ်ဘရယ်အစိုးရသည် ပါရီမြို့တိုက်ခိုက်မှုအပြီး ဆီးရီးယား ဒုက္ခသည်များကို နှစ်ကုန်အထိ လက်ခံသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၃၁ ရက်အထိ ၂၅၀၀၀ အထိ လက်ခံသွားရန် ကတိပြုထားသည်။

ဆီးရီးယားဒုက္ခသည် ၁၆၃ ဦးအား တင်ဆောင်ပျံသန်းလာသော ခရီးသည်တင် လေယာဉ်သည် ကြာသပတေးနေ့ သန်းခေါင်ယံ မတိုင်မီ တိုရွန်တိုလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

ယခုနှစ်ကုန်တွင် ဆီးရီးယားဒုက္ခသည် ၁၀၀၀၀ ခန့်ကို နေရာချထားပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလကုန်တွင် ၁၅၀၀၀ ထပ်မံ၍ နေရာချထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

**(ရိုက်တာ)**

# အမေရိကန်ဦးဆောင်ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်ထိပ်တန်းပုဂ္ဂိုလ်သုံးဦး သေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် အမေရိကန်ဦးဆောင်သော အိုက်အက်စ်ချေမှုန်းရေးအဖွဲ့က အိုင်အက်စ်အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးနှင့်



ထိပ်တန်းခေါင်းဆောင် နှစ်ဦးကို မကြာသေးမီက လေကြောင်းတိုက်ခိုက်မှုများအတွင်း ချေမှုန်းနိုင်ခဲ့ပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အိုင်အက်စ်ဘဏ္ဍာရေးဝန်ကြီး အဘူဆလတ်အား နိုဝင်ဘာလကုန်ပိုင်းက သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း ကြည်းတပ်ဗိုလ်မှူးကြီး စတိဗ်ဝါရင်က လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပင်တဂွန်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ "သူက ဝါအရင့်ဆုံးအိုင်အက်စ်တွေထဲမှာ အိုင်အက်စ်ဘဏ္ဍာရေးကွန်ရက်ရဲ့ အဓိကလူပါ။ ပြီးတော့ သူက အယ်လ်ခိုင်ဒါအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်ပါတယ်"ဟု ဝါရင်က ပြောသည်။

ဆလတ်သည် ဘဏ္ဍာရေးကွန်ရက်၏ တတိယလူဖြစ်ပြီး လအတန် ကြာ တိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သည်။ အိုင်အက်စ်ဝါရင့် ခေါင်းဆောင်တစ်ဦးမှာ ယင်းအဖွဲ့၏လှုပ်ရှားရေးညှိနှိုင်းရေးမှူးတာဝန် ယူထားသူဖြစ်ပြီး အခြားတစ်ဦးမှာ အမှုဆောင်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်ဟု ဆိုသည်။ အိုင်အက်စ်အဖွဲ့သည် စစ်သွေးကြွသမိုင်းတွင် အချမ်းသာဆုံးဖြစ်ပြီး လစဉ်ရေနံရောင်းချခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄၇ သန်းခန့်ရရှိနေကြောင်း အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူများက မကြာသေးမီတွင် ခန့်မှန်းပြောကြားသည်။

**(ရိုက်တာ)**

# ဂျာမနီလည်း အိုင်အက်စ်ချေမှုန်းရေး ကင်းထောက်လေယာဉ် စေလွှတ်ပြီ

**ဘာလင် ဒီဇင်ဘာ ၁၁**

ဂျာမနီက အိုင်အက်စ်ချေမှုန်းရေး မစ်ရှင်စတင်မှုနှင့်အတူ တော်နေဒိုဂျက်လေယာဉ်များနှင့် တပ်ဖွဲ့ဝင်များကို တူရကီရှိ လေတပ်အခြေစိုက်စခန်းတစ်ခုသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း ဂျာမနီမီဒီယာများက သတင်းဖော်ပြသည်။

တော်နေဒို ကင်းထောက်ဂျက်လေယာဉ်နှစ်စင်း၊ အေ ၄၀၀ အမ်ပို့ဆောင်ရေး လေယာဉ်တစ်စင်းတို့နှင့်အတူ အထူးတပ်ဖွဲ့ဝင် ၄၀ တို့ကို ဂျာမနီမြောက်ပိုင်း စချီဝှစ်ဟော်စတိန်းပြည်နယ် လေတပ်အခြေစိုက်စခန်းမှ တူရကီရှိအင်စာလစ် နေတိုးလေတပ် အခြေစိုက်စခန်းသို့ ပို့ဆောင်ခဲ့သည်။

တော်နေဒိုကင်းထောက်လေယာဉ် စုစုပေါင်း ခြောက်စင်းကို အိုင်အက်စ်ချေမှုန်းရေး စစ်ဆင်ရေးအတွက် အသုံးပြုရန် အင်စာလစ်လေတပ်စခန်းသို့ ပေးပို့သွားမည်ဖြစ်ပြီး ပထမဆုံးလေယာဉ်ပျံသန်းကင်းထောက်လုပ်ငန်းကို ဇန်နဝါရီလအတွင်း ပြုလုပ်သွား မည်ဟုဆိုသည်။

ထို့အပြင် ဝေဟင်အတွင်း ဆီဖြည့်လေယာဉ်ကိုလည်း ကိုလုံမြို့အနောက်ပိုင်းလေဆိပ်မှ ပျံတက်သွားပြီး ဆီဖြည့်လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဆိုသည်။

ဂျာမနီအောက်လွှတ်တော် ဘွန်ဒက်စတက်က သောကြာနေ့က အိုင်အက်စ်ချေမှုန်းရေးမစ်ရှင်အတွက် မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ ကင်းထောက်လေယာဉ်ခြောက်စင်းနှင့် ဝေဟင်ဆီဖြည့်လေယာဉ်များက ပြင်သစ်လေယာဉ်တင် သင်္ဘောဖြစ်သည့် ချားလ်စ်ဒီဂေါကိုသတင်းအချက်အလက်များ ပေးပို့ကူညီသွားမည်ဟုဆိုသည်။

ထို့အပြင် ဂျာမနီ အစိုးရက အဆိုပါအကြမ်းဖက်တိုက်ခိုက်ရေး နိုင်ငံတကာ မဟာမိတ်များထံ တပ်ဖွဲ့ဝင် ၁၂၀၀ ကိုလည်း စေလွှတ်သွားရန် စီစဉ်လျက်ရှိပြီး အဆိုပါမစ်ရှင်သည် ဂျာမနီနိုင်ငံ၏ ပြည်ပနိုင်ငံများသို့ အကြီးမားဆုံး တပ်ဖွဲ့ဖြန့်ကြက်မှုဖြစ်သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# မြောက်ကိုရီးယား ဟိုက်ဒရိုဂျင်ဗုံး ပြုလုပ်နေသည်ဆိုခြင်းကို အမေရိကန်အစိုးရသံသယဖြစ်

**ပြုံယမ်း ဒီဇင်ဘာ ၁၁**

မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံးကို အဆင့်မြှင့်ပြုလုပ်နေသည်ဆိုခြင်းကို အမေရိကန်အစိုးရက သိလိုစိတ်ပြင်းပြနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ပုဂ္ဂိုလ် ဂျိုရှ်အားနက်တ်က ကြာသပတေးနေ့က သတင်းထောက်များကို ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ၎င်းနိုင်ငံသည် ဟိုက်ဒရိုဂျင်ဗုံးပြုလုပ်နိုင်သည့် လက်နက်နိုင်ငံဖြစ်လာမည်ဆိုခြင်းကို နိုင်ငံပိုင်သတင်းစာတစ်ခု၌ ဖော်ပြခဲ့ခြင်းကိုအကြောင်းပြု၍ အမေရိကန်က သံသယဖြစ်ပွားနေကြောင်း ဆိုသည်။

အဆိုပါ ဖော်ပြချက်ကို အမေရိကန် စုံစမ်းထောက်လှမ်းရေးအေဂျင်စီက မေးခွန်းထုတ်နေကြောင်း အားနက်တ်က ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်တို့ကို တိုက်ခိုက်ခြင်းသည် မူဆလင် သို့မဟုတ် အစ္စလာမ်ဘာသာကို တိုက်ခိုက်ခြင်းမဟုတ်ကြောင်း ပင်တဂွန်ခေါင်းဆောင်ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအုပ်စုကို တိုက်ခိုက်ခြင်းသည် မူဆလင် သို့မဟုတ် အစ္စလာမ်ဘာသာကိုတိုက်ခိုက်ခြင်းမဟုတ်ကြောင်း ကြာသပတေးနေ့ကပြောခဲ့သည်။

အမေရိကန်သမ္မတက အိုင်အက်စ်စစ်သွေးကြွကို တိုက်ခိုက်တယ်ဆိုတာ မူဆလင် သို့မဟုတ် အစ္စလာမ်ဘာသာကိုတိုက်ခိုက်ခြင်းမဟုတ်ကြောင်း အမေရိကန်သို့လာရောက်လည်ပတ်သော အိန္ဒိယကာကွယ်ရေးဝန်ကြီး မနိုဟာပါရီကာနှင့်အတူ သတင်းစာရှင်းလင်းပွဲ၌ ကာကွယ်ရေးဝန်ကြီး ကာတာက ပြောခဲ့သည်။

အိုင်အက်စ်များသည် အစွန်းရောက်များဖြစ်ကြောင်း၊ အမေရိကကိုခြိမ်းခြောက်သည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်သူများဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်မှုပြုရန်လိုအပ်ကြောင်း မစ္စတာ ကာတာကပြောသည်။ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို အရှိန်မြှင့်တိုက်ခိုက်မှုများပြုလုပ်နေကြောင်း၊ ထိုသို့ပြုလုပ်ခြင်းက အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗုဒ္ဓဟူးနေ့က အထက်လွှတ်တော် တပ်မတော်မိန့်ခွန်းတစ်ရပ်တွင် အမေရိကန်ပြည်ထောင်စုသည် စစ်ပွဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကာတာကပြောခဲ့သည်။

"အမှန်တကယ်ကတော့ ကျွန်တော်တို့ဟာ စစ်ပွဲထဲရောက်နေပါပြီ၊ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေဟာ အိုင်အက်စ်စစ်သွေးကြွတွေကို နေ့တိုင်းပဲတိုက်ခိုက်နေရတယ်"ဟု ဗုဒ္ဓဟူးနေ့၌ ကာတာကပြောခဲ့သည်။




ပင်တဂွန်က အီရတ်အစိုးရကိုကူညီပြီး ၎င်း၏အရေးပါသော မြို့တော်များကို အိုင်အက်စ်တို့ထံမှ ပြန်လည်ရယူနိုင်ရန် ဆောင်ရွက်နေကြောင်း ကာတာကပြောသည်။

အိုင်အက်စ်တို့လက်ထဲသို့ အီရတ်မြို့တစ်ခုဖြစ်သော ရာမာဒီသည် လွန်ခဲ့သောမေလက ရောက်ရှိခဲ့သည်။ ထို့ကြောင့် အိုင်အက်စ်များကိုတိုက်ခိုက်ရန် အီရတ်သို့ ပိုမိုကူညီမည်ဖြစ်ကြောင်း ကာတာကပြောခဲ့သည်။ **(ဆင်ဟွာ)**

# ပြည်တွင်းပြည်ပမှ စွမ်းအားများအားလုံးကိုရယူပြီး နိုင်ငံပြန်လည်ထူထောင်ရေးအတွက် အကျိုးရှိစွာအသုံးချ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှု အလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာ ထုတ်ပြန်သည့် ပြန်လည်ထူထောင်ရေးဖိုရမ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ရှေးဦးစွာ ဒုတိယသမ္မတက ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုအလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ပေးခဲ့ကြသော အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤအစီရင်ခံစာသည် ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် ဘက်စုံပြည့်စုံပြီး လက်တွေ့အသုံးဝင်မည် ဖြစ်ပါကြောင်း။

ဇူလိုင်မှ စက်တင်ဘာ ကာလအတွင်း ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ပြည်သူများစွာ၏ဘဝ ပြန်လည်ကောင်းမွန်စွာ တည်ဆောက်ပေးရန်ဟူသည့် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် အားလုံးညီညီညွတ်ညွတ်နှင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် ကြုံတွေ့လျက်ရှိသော စိန်ခေါ်မှုနှင့် အခက်အခဲများကို ကျော်လွှားဖြေရှင်းပေးမည့် အဖြေများကို ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ရန် အစည်းအဝေးပေါင်းများစွာ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ဖိုရမ်ကိုလည်း ကျင်းပခဲ့သည်မှာ ယခုအကြိမ် အပါအဝင်ဆိုလျှင် သုံးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ပြည့်စုံသောအဖြေများကို ဖော်ထုတ်နိုင်ခဲ့ပြီး အနာဂတ် မြန်မာနိုင်ငံတော်အတွက် မျှော်လင့်ချက်ခွန်အားဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

များစွာသော ရေဘေးသင့်ရပ်ရွာများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုအကြား၌ ပရဟိတစိတ်ဖြင့် တစ်ထောင့်တစ်လှည့် ဝိုင်းဝန်းဖေးကူသည့် စိတ်ဓာတ်၊ မိမိကျန်ရစ်သမျှ ပစ္စည်းဥစ္စာကို အများသူငှာနှင့် ဝေမျှသုံးစွဲနိုင်သည့် စိတ်ဓာတ်ကြံ့ခိုင်မှုများကို မြင်တွေ့ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကယ်ဆယ်ရေးနှင့် ရှေးဦးပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံ စွန့်လွှတ်အနစ်နာခံခဲ့ကြသော အရပ်ဘက်အဖွဲ့အစည်းများနှင့် တပ်မတော်သားများ၏ ဂုဏ်ယူချီးကျူးဖွယ်ရာ အသက်စွန့်အနစ်နာခံမှုများကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ထိုသတ္တိနှင့်ကြံ့ခိုင်မှုများသည် ရှေ့လာမည့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်အတွက် ခွန်အားတစ်ရပ်ဖြစ်ပါကြောင်း။

ယခုအစီရင်ခံစာသည် ပြီးခဲ့သည့် ရေကြီးရေလျှံနှင့် မြေပြိုမှုကာလတွင် ထိခိုက်နစ်နာခဲ့သော လူဦးရေ နှစ်သန်းနီးပါးရှိသည့် ပြည်သူများစွာ၏ လိုအပ်ချက်ကို စနစ်တကျ သုံးသပ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ရန် တစ်ဖက်က ကြိုးစားနေစဉ် အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော စီးပွားရေးဂယက်များကို ခုခံကာကွယ်နိုင်ရန် ကြိုးစားနေချိန် ယခုကဲ့သို့ ဘေးအန္တရာယ်ကျရောက်မှုကြောင့် များစွာ အခက်အခဲဖြစ်ခဲ့ပါကြောင်း၊ အစီရင်ခံစာတွင် ဤဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာခဲ့သော စီးပွားရေးတန်ဖိုးပမာဏသည် ပျမ်းမျှအားဖြင့် ကျပ်သန်းပေါင်း ၁ ဒသမ ၉ ထရီလီယံ (သို့မဟုတ်) အမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်ဆုံးရှုံးမည်ဟု ခန့်မှန်းထားပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်မှာလည်း ယင်းပမာဏခန့်ရှိမည်ဟု ခန့်မှန်းထားပါကြောင်း။

ဤအစီရင်ခံစာ၏ အရေးပါသော အကြံပြုချက်များမှာ အုပ်ချုပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းစေရေး၊ သတင်းအချက်အလက်စနစ်နှင့် ရှေးဦးအရေးပေါ် ကြိုတင်ကြေညာနိုင်မှု စနစ်များ ထူထောင်နိုင်ရေး၊ အရေးပေါ်လုပ်ငန်းစဉ်များ အားကောင်းစေရေး၊ ရှေးဦးပြန်လည်ထူထောင်ရေးအား ဦးစားပေးဆောင်ရွက်နိုင်ရေး၊ အရင်းအမြစ်ခွဲဝေမှုကို ပွင့်လင်းမြင်သာစွာနှင့် တာဝန်ယူမှုပြည့်ဝစွာ စီမံခန့်ခွဲနိုင်ရေး၊ အုပ်ချုပ်ရေးစနစ်နှင့် လုပ်ထုံးလုပ်နည်းများ ခိုင်မာရေးတို့ဖြစ်ပါကြောင်း။

ဤ ရည်မှန်းချက်များကို အကောင်အထည် ဖော်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ ပြုပြင်ပြောင်းလဲရေး မျိုးစေ့မှသည် အနာဂတ်ဖွံ့ဖြိုးရေးအသီးအပွင့်များ ဖြစ်ထွန်းစေရေးအတွက် ရှေ့နောက်အဆက်အစပ်ရှိရှိ ဆောင်ရွက်ရန်လိုအပ်မည့် စီးပွားရေးစီမံကိန်းများ ပြန်လည်ထူထောင်ရေး မူဘောင်တစ်ရပ်ရေးဆွဲရန်၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ပြီး စွမ်းအားရှိသည့် စီးပွားရေးစနစ်တစ်ရပ်မှသည် ပြည်သူအများစုနှင့် သာတူညီမျှခံစားရမည့် တိုးတက်မှု ပုံစံအသစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးကို မြန်မြန်ဆန်ဆန်ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်မည့် စွမ်းအားပြည့်လုပ်ငန်းစဉ်များ အားတက်သရော ဆောင်ရွက်နေမှုများကို ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတကာနှင့် ပြင်ပအကူအညီများ မည်သို့ပင်ရယူနိုင်သည်ဖြစ်စေ မိမိတို့ခံယူထားရမည်မှာ အဆုံးသတ်တွင် မိမိခြေထောက်ပေါ် မိမိရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုး ပြန်လည်ပျိုးထောင်နိုင်မည့်ခွန်အားကို ယခုကတည်းက တည်ဆောက်သွားရန် ဖြစ်ပါကြောင်း။

ယခုအစီရင်ခံစာသည် ပြည်တွင်းပြည်ပမှ စွမ်းအားများအားလုံးကို အမိအရ လက်ကမ်းရယူလျက် နိုင်ငံပြန်လည် ထူထောင်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်မည်ဟု မျှော်လင့်ရပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူနှင့် ဂျပန်နိုင်ငံ ကိုယ်စားလှယ် မစ္စတာ မိုက်ကယ် ဂရေပင်တန်က ပြန်လည်ထူထောင်ရေးလိုအပ်ချက်များ ဆန်းစစ်ချက်ကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က ပြန်လည်ထူထောင်ရေး မဟာဗျူဟာနှင့် ပြန်လည်ထူထောင်ရေးစင်တာ လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြန်လည်ထူထောင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးက ပြန်လည်ထူထောင်ရေးဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပုဂ္ဂလိကကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးများ ပြန်လည်ထူထောင်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဖိုရမ်ကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဦးမြင့်က ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာရင်ရင်နွယ်က အမျိုးပါဝင်သည့် ပြန်လည်ထူထောင်ရေး ဖြစ်စဉ်-ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စ ရီနာတာလော့ ဒေစလန်က ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ အမြင်ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ လှူဒါန်းခဲ့သည့် အိမ်ခေါင်မိုးသွပ်ပြား အချပ်ရေ နှစ်သိန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် Hilton ဟိုတယ်၌ ကျင်းပပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပလောက်မြို့၌ ခရီးသွားမော်တော်ယာဉ်များ ရှောင်တခင်စစ်ဆေး

**ပလောက် ဒီဇင်ဘာ ၁၁**

မော်တော်ယာဉ်ဖြင့် ခရီးသွားလာကြသော ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရေး၊ သတ်မှတ်ဦးရေထက် ပိုမိုတင်ဆောင်မှု မရှိစေရေးနှင့် တရားမဝင်ပစ္စည်းများ တင်ဆောင်မှုမရှိစေရေးအတွက် ရန်ကုန်မြို့မှ မြိတ်မြို့သို့ ပြေးဆွဲနေသော မော်တော်ယာဉ်များကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ တံတားရှေ့၌ ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စစ်ဆေးမှုတွင် ပလောက်မြို့နယ် မြို့မရဲစခန်းမှူး ရဲအုပ်နန္ဒဝင်း ဦးစီးပြီး ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပလောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားမော်တော်ယာဉ်များကို ရပ်တန့်စေ၍ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ရှမ်း၊ ချင်းနှင့် ကယားပြည်နယ်တို့၌ ညအပူချိန် အနည်းငယ်လျော့နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့၌ ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၌ ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

သာသနာရေးဝန်ကြီးဌာန၏ www.KBRL.gov.mm Website တွင်

ဝင်းသီရိ (ကမ္ဘာအေး)

# တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓစာပေများကို ကမ္ဘာတစ်ဝန်းလုံးမှ လေ့လာဖတ်ရှုနိုင်ကြပြီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရုံးဌာနများဆိုင်ရာလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရန်၊ ခေတ်မီနည်းစနစ်များဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများအလိုက် e-government ဆိုင်ရာလုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တွင် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စာအုပ်စာတမ်းများနှင့် ပေပုရပိုက်များကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းသွားနိုင်ရေးနှင့် လျင်မြန်လွယ်ကူစွာ ဖတ်ရှုလေ့လာသုတေသနပြုနိုင်ရေးအတွက် e-library လုပ်ငန်းကို အောက်ပါရည်ရွယ်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါသည်။ ယင်းရည်ရွယ်ချက်လေးရပ်မှာ-**

(က) သာသနာရေးဝန်ကြီးဌာန၏ e-government လုပ်ငန်းများတွင် e-Library လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
(ခ) ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာပေများနှင့် လက်ရေးမူများကို Electronic နည်းပညာဖြင့် စနစ်တကျ စုစည်းထိန်းသိမ်းရန်၊
(ဂ) စာအုပ်များနှင့် လက်ရေးမူများကို Online ပေါ်တွင် ရှာဖွေဖတ်ရှုနိုင်စေရန်၊
(ဃ) e-government အစီအစဉ်တွင် စာကြည့်တိုက်၏ e- Library လုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်တို့ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည့် e-government လုပ်ငန်းစဉ်အား သာသနာရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာ ပြုဌာနခွဲတွင် Fiber Internet ရရှိရေးဆောင်ရွက်၍ မူလသုတေသနစာကြည့်တိုက်အဆင့်မှ ရဟန်းရှင်လူပြည်သူအများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်စေရန် (www. KBRL. gov.mm ) e-Library အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသိဒ္ဓိယ ဦးဆောင်သော မဟာဓမ္မပါလအသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Book Drive Pro စက်များ အသုံးပြုကာ ဗုဒ္ဓစာပေမျိုးစုံကို e-book အဖြစ် ပြုစုပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

e- book အဖြစ် ပြုစုပြောင်းလဲပြီးသော စာအုပ်များအား www. KBRL.gov.mm Website တွင် လွှင့်တင်နိုင်ရန်အတွက် Server ဝယ်ယူခြင်း၊ MCC ကုမ္ပဏီမှ Website ရေးဆွဲသည့် ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာအေး သုတေသနစာကြည့်တိုက်သို့ လာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကွန်ပျူတာအလုံး ၂၀ တပ်ဆင်၍ Web Station ထူထောင်ခြင်း၊ Internet Speed အား 2Mbps မှ 4Mbps သို့ တိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာန၏ e-government လုပ်ငန်းဖြစ်သည့် e-Library သည် အများပြည်သူတို့ တိုက်ရိုက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

**ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သမိုင်း**

ကမ္ဘာအေးဗုဒ္ဓသုတေသန စာကြည့်တိုက်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေပေါ်ရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူကြီး၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်) သုတေသနစာကြည့်တိုက်သည် ၁၀. ၅. ၁၉၆၁ ရက်နေ့တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဌာနခွဲ၏ သုတေသနစာကြည့်တိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဌာနခွဲနှင့် အခြားသာသနာရေးဌာနများပူးပေါင်း၍ သာသနာရေးဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့ပြီးနောက် သာသနာရေးဦးစီးဌာန၏ သုတေသနစာကြည့်တိုက်ဖြစ်လာခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်)၏ သုတေသနစာကြည့်တိုက်အဖြစ် ယနေ့အထိ ဆက်လက်တည်ရှိခဲ့ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သည် အခြားစာကြည့်တိုက်များနှင့်မတူဘဲသုတေသနပြုစု လေ့လာသူများအတွက် ဘာသာရေးနှင့် သက်ဆိုင်သည်များကို အထူးဦးစားပေး လေ့လာနိုင်သော(သုတေသန) အထူးစာကြည့်တိုက်ဖြစ်သည်။

ကမ္ဘာအေးသုတေသန စာကြည့်တိုက်ကြီးသည် သာသနာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ပရိယတ္တိစာသင်တိုက်များမှ စာသင်/စာချရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များ၊ ပြင်ပဗုဒ္ဓတက္ကသိုလ်များမှရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များ၊ ရန်ကုန်တက္ကသိုလ်နှင့်အခြားတက္ကသိုလ်များမှ အရှေ့တိုင်းပညာဘာသာရပ်၊ မြန်မာစာပေ၊ သမိုင်းစသော



e-Library ဖွင့်ပွဲအခမ်းအနားတွင် သံဃာတော်များ Website မှ ဗုဒ္ဓစာပေများကို download ရယူကြည့်ရှုနေစဉ်

ဘာသာရပ်များကို အထူးလေ့လာသုတေသန ပြုလိုကြသည့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ကထိက၊ ပါမောက္ခများ လာရောက် သုတေသနပြုနိုင်ကြစေရန်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ သမိုင်းပြုစုခြင်း၊ကျမ်းပြုစုခြင်း၊ ဘာသာပြန်ခြင်း၊ စာစောင်ထုတ်ဝေခြင်းတို့တွင် လိုအပ်သော အထောက်အထားများ ရှာဖွေနိုင်စေရန် ရည်ရွယ်၍ ဤစာကြည့်တိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန၏ သုတေသနစာကြည့်တိုက်ဖြစ်သည့်အားလျော်စွာ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်မူရင်းကျမ်းစာများ၊ အဋ္ဌကထာကျမ်းစာများ၊ ဋီကာကျမ်းစာများ၊ ပါဠိတော်မြန်မာပြန်ကျမ်းစာများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်ဘာသာပြန်ဌာန ပြင်ပပညာရှင်ကြီးများက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော ဆဋ္ဌမူပါဠိတော်အင်္ဂလိပ်ဘာသာပြန် ကျမ်းစာများနှင့် အခြားဘာသာရေးဆိုင်ရာ ကျမ်းစာများ၊ အရှေ့တိုင်းယဉ်ကျေးမှု၊ စိတ်ပညာ၊ သမိုင်းဘာသာရပ်များဆိုင်ရာ စာအုပ်စာတမ်းများ၊ မြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးစုများနှင့် ဆိုင်သော အချက်အလက်များဆိုင်ရာ ရည်ညွှန်းစာအုပ်များကို သုတေသီများ လေ့လာရန် အဓိက စုဆောင်းထားရှိပြီး စုဆောင်းထားရှိသည့် စာအုပ်အမျိုးမျိုးကို စာကြည့်တိုက် ထိန်းသိမ်းရေးနည်းစနစ်များနှင့် လျော်ညီစွာထိန်းသိမ်းခြင်း၊ သုတေသီတို့အား အထောက်အကူပြုခြင်း၊ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စုဆောင်းထားရှိသည့် စာအုပ်များကို Dewey Decimal Classification နည်းဖြင့် မျိုးတူစု (၁၀) မျိုးခွဲခြားလျက် မျိုးတူစုနံပါတ်များဖြင့် ဘာသာရပ်အလိုက် ခွဲခြားစီစဉ်ထားရှိပါသည်။

သုတေသနစာကြည့်တိုက်တွင် ဘာသာကြီးလေးရပ်ဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာအပြင် အခြားကိုးကွယ်မှုများနှင့် ရှေးကျသော အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာ၊ သမိုင်းဆိုင်ရာစသည့် ရည်ညွှန်းစာအုပ်များကို ဘာသာရပ်အလိုက် စုဆောင်းထားရှိရာ စာအုပ်အမျိုးအမည်ပေါင်း တစ်သောင်းကျော်ရှိပါသည်။

သုတေသနစာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို စင်ပိတ်စနစ်ဖြင့်ထားရှိပြီး ရှားပါးသော စာအုပ်များကို မှန်ဗီရို၊ သစ်သားဗီရို၊ သံဗီရိုများဖြင့်လည်း ထိန်းသိမ်းထားရှိပါသည်။ ဤသုတေသနစာကြည့်တိုက်သို့ ကိုယ်တိုင်လာရောက်ဖတ်ရှုသူများအနေဖြင့် စာအုပ်များကို စာအုပ်အမည်ဖြင့်လည်းကောင်း၊ စာရေးသူအမည်ဖြင့်လည်းကောင်း၊ ဘာသာရပ်ဖြင့်လည်းကောင်း၊ Catalogue Trayတွင်ရှာဖွေနိုင်သကဲ့သို့ ကွန်ပျူတာတွင်e-Catalogue ဖြင့်လည်းရှာဖွေနိုင်ပါသည်။

**e-Library တိုးမြှင့်ရေးဆောင်ရွက်မှုများ**

ယနေ့ ၂၁ ရာစုကာလသည် ဆက်သွယ်ရေးလမ်းကြောင်း အီလက်ထရွန်နစ်လိုင်းကို အခြေခံသော အင်တာနက်နည်းပညာများ အရှိန်အဟုန်ဖြင့် ထွန်းကားတိုးတက်လျက်ရှိသော ခေတ်သစ်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့် ခေတ်ကာလများကကဲ့သို့ စာအုပ်စာပေများကို ရိုက်နှိပ်ထုတ်ဝေလျက် သတင်းအချက်အလက်များကို ဖြန့်ချိခြင်း၊ အသံလှိုင်းများကို အသုံးပြုလျက် ရေဒီယို အသံလွှင့်စနစ်ဖြင့် ဖြန့်ချိခြင်းများသာမက အရုပ်စနစ်၊ အသံစနစ် နှစ်မျိုးလုံးဖြင့် မိနစ်ပိုင်းအတွင်း ဖြန့်ချိနိုင်သော ရုပ်သံလွှင့်စနစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ၂၀ ရာစု ခေတ်နှောင်းကပင် တစ်ကမ္ဘာလုံး၌ ရုပ်သံလွှင့်စနစ်ကို မိနစ်ပိုင်းအတွင်း ရိုက်ကူးဖြန့်ချိလျက်ရှိသည်သာမက Online စနစ်၊ အင်တာနက်စနစ်များဖြင့်လည်း ကမ္ဘာ့တစ်နေရာမှ အခြားတစ်နေရာသို့ အချိန်တိုအတွင်း သတင်းအချက်အလက်များ ဖြန့်ချိနိုင်ကြပြီဖြစ်သဖြင့် ကမ္ဘာ့နေရာအသီးသီးမှပင် သတင်းအချက်အလက်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်) သုတေသနစာကြည့်တိုက်ရှိ စာအုပ်စာပေများကို ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များအားလုံး ကမ္ဘာအရပ်ရပ်တွင် ရောက်ရှိနေရာမှ လွယ်ကူလျင်မြန်စွာ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ၂၁-၇-၂၀၁၅ ရက်နေ့၌ သုတေသနစာကြည့်တိုက် e-Library ကို အခမ်းအနားဖြင့် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ အောက်ဖော်ပြပါအတိုင်း စာအုပ်အမျိုးအစား ဘာသာရပ်များအလိုက် လေ့လာဖတ်ရှုနိုင်ပြီဖြစ်ပါသည်-

(၁) ဆဋ္ဌမူပိဋကတ်သုံးပုံ ပါဠိတော် (၄၀)အုပ်
(၂) ဆဋ္ဌမူပိဋကတ်သုံးပုံ အဋ္ဌကထာ (၅၁) အုပ်
(၃) ဆဋ္ဌမူပိဋကတ်သုံးပုံ ဋီကာ (၂၆) အုပ်
(၄) ဆဋ္ဌမူပိဋကတ်သုံးပုံ နိဿယ(၈) အုပ်
(၅) ဆဋ္ဌမူပိဋကတ်သုံးပုံ မြန်မာပြန် (၃၂) အုပ်
(၆) ဆဋ္ဌမူပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်စာအုပ်များ (၂၂) အုပ်
(၇) တိပိဋကပါဠိ-မြန်မာ အဘိဓာန်များ (၂၃) အုပ်

**(၈) သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်များ**

(က) ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ (၆၂) အုပ်
(ခ) စာမေးပွဲဆိုင်ရာစာအုပ်များ (၁၂) အုပ်
(ဂ) ဆဋ္ဌသင်္ဂါယနာဆိုင်ရာ စာအုပ်များ (၁၆) အုပ်
(ဃ) ဘာသာဋီကာစာအုပ်များ (၄) အုပ်
(င) ဗုဒ္ဓဝင်ကျမ်းစာအုပ်များ (၈) အုပ်
(စ) နိုင်ငံတော်သံဃမဟာနာယက(၄) အုပ် အဖွဲ့နှင့်သက်ဆိုင်သော စာအုပ်များ
(ဆ) ထေရုပ္ပတ္တိစာအုပ်များ (၅) အုပ်
(ဇ) ဝိနိစ္ဆယစာအုပ်များ (၄) အုပ်
(ဈ) ဓမ္မပဒစာအုပ်များ (၅) အုပ်

**(၉) ပြင်ပမှ ထုတ်ဝေသော ဗုဒ္ဓစာပေစာအုပ်များ**

(က) ဝိနည်းဆိုင်ရာစာအုပ်များ (၁၁) အုပ်
(ခ) သုတ္တန်ဆိုင်ရာစာအုပ်များ (၂၇) အုပ်
(ဂ) အဘိဓမ္မာဆိုင်ရာစာအုပ်များ(၂၉) အုပ်
(ဃ) ဘာသာဋီကာဆိုင်ရာ စာအုပ်များ (၂၆) အုပ်
(င) နိဿယဆိုင်ရာစာအုပ်များ (၂) အုပ်
(စ) အဘိဓာန်ဆိုင်ရာစာအုပ်များ(၁၀) အုပ်
(ဆ) သာသနာဝင်ဆိုင်ရာ စာအုပ်များ (၂၁) အုပ်
(ဇ) ဗုဒ္ဓဝင်ဆိုင်ရာစာအုပ်များ (၃၈) အုပ်
(ဈ) ဇာတ်ဝတ္ထုဆိုင်ရာစာအုပ်များ(၃၅) အုပ်
(ည) ဓမ္မပဒဆိုင်ရာစာအုပ်များ (၃၄) အုပ်
(ဋ) ဝိပဿနာဆိုင်ရာစာအုပ်များ(၁၃၅) အုပ်
(ဌ) ဒီပနီဆိုင်ရာစာအုပ်များ (၄၈) အုပ်
(ဍ) ဝိနိစ္ဆယဆိုင်ရာစာအုပ်များ (၄) အုပ်
(ဎ) ဓမ္မကဗျာဆိုင်ရာစာအုပ်များ (၅) အုပ်
(ဏ) နီတိဆိုင်ရာစာအုပ်များ (၅) အုပ်
(တ) ဩဝါဒကထာဆိုင်ရာ စာအုပ်များ (၁၂) အုပ်
(ထ) တရားတော်ဆိုင်ရာ စာအုပ်များ (၆၆) အုပ်
(ဒ) ပါဠိစာပေဆိုင်ရာစာအုပ်များ(၆) အုပ်
(ဓ) ရည်ညွှန်းကျမ်းဆိုင်ရာ စာအုပ်များ (၅၉) အုပ်
(န) ဘုရားသမိုင်းဆိုင်ရာ စာအုပ်များ (၅၉) အုပ်
(ပ) ကျောင်းတိုက်ဆိုင်ရာ စာအုပ်များ (၁) အုပ်
(ဖ) အတ္ထုပ္ပတ္တိ၊ ထေရုပ္ပတ္တိဆိုင်ရာစာအုပ်များ (၇) အုပ်
(ဗ) သင်္ဂါယနာဆိုင်ရာစာအုပ်များ(၃) အုပ်
(ဘ) မြန်မာစာပေ၊ မြန်မာ့စာပေသမိုင်းဆိုင်ရာ စာအုပ်များ (၉) အုပ်
(မ) သမိုင်းဆိုင်ရာစာအုပ်များ (၅) အုပ်
(ယ) ဗုဒ္ဓဘာသာသမိုင်းဆိုင်ရာ စာအုပ်များ (၁၆) အုပ်
(ရ) စာမေးပွဲဆိုင်ရာစာအုပ်များ (၆၀)အုပ်
(လ) ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေစာအုပ်များ (၁၇၉)အုပ်
(ဝ) အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဗုဒ္ဓဘာသာ ဆိုင်ရာအထွေထွေကျမ်းစာများ (၆၆)အုပ်

စာမျက်နှာ (၇) သို့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ကျင်းပရာ **(ယာပုံ)** ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်း ဆောင်ရွက်ကြသည်။



အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်မှာ ဥပဒေကြမ်း၏ အပိုဒ် ၅ ကို ပြည်သူ့လွှတ်တော်က **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကို ပယ်ဖျက်ရမည်** ဟု အတည်ပြုထားပါကြောင်း။

အမျိုးသားလွှတ်တော်က အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကို **အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ် လက်ခံကိုယ်စားလှယ်သည် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော တင်သွင်းငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် အတိုးနှုန်းခံစားခွင့်ရှိသည့် စာရင်းဖွင့်လှစ်ထားရှိရမည်** ဟု အစားထိုးအတည်ပြုထားသည်ကို တွေ့ရှိရပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများသည် ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ ၇ ပါ ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ်ဝယ်ယူစုဆောင်းနိုင်သည့် အဖွဲ့အစည်းများတွင် ပါဝင်ခြင်းမရှိ၍ ဥပဒေကြမ်း၏ အပိုဒ် ၅ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း တင်ပြရာ လွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော **ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်မှာ ဥပဒေကြမ်း၏ အပိုဒ် ၉ ကို ပြည်သူ့လွှတ်တော်က ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)၏ နောက်တွင် **ပုဒ်မခွဲ(ဂ-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင် မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမမရှိလျှင် အခြားသူများမှ တောင်းခံပါက အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့် လက်မှတ်တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်** နှင့် **ပုဒ်မခွဲ(ဂ-၂)သေဆုံးသွားသည့် ငွေစုသူ ရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ကျောင်းတိုက်နှင့် သက်ဆိုင်သည့် ငွေကြေးဖြစ်ပါက သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ထောက်ခံချက်ဖြင့် စုငွေ လက်ကျန်ထုတ်ယူရန် လျှောက်ထားသည့် ရဟန်း သို့မဟုတ် သီလရှင်အား စိစစ်ထုတ်ပေးရမည်။ သေဆုံးသွားသည့် ငွေစုသူရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ပုဂ္ဂလိကပိုင်ငွေဖြစ်ကြောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှ ထောက်ခံပါက လူပုဂ္ဂိုလ်များ သေဆုံးသည့်အခါ စုငွေလက်ကျန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးရမည်** ဟု အတည်ပြုဖြည့်စွက်ထားပါကြောင်း။

အမျိုးသားလွှတ်တော်က ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)၏နောက်တွင် **ပုဒ်မခွဲ(ဂ-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမမရှိလျှင် အခြားသူများက တောင်းခံပါက အမွေထိန်းစာလက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့် လက်မှတ်တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်** ဟု အတည်ပြုထားပါကြောင်း။

ထို့ကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ အနေဖြင့် မူလဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြေရှင်းဆောင်ရွက်နိုင်ပါသဖြင့် ဥပဒေကြမ်း၏ အပိုဒ် ၉ ကို ဖြည့်စွက်ရန် မလိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း တင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဇေယျာသီရိမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ ညနေ ၅ နာရီတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားသည်။** (အောက်ပုံ)





ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူများ၏ တင်ပြချက်များအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးထားသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ နှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဇေယျာသီရိမြို့နယ်အတွက် လုပ်ငန်းများရရှိမှုအခြေအနေတို့ကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

စာအုပ်စုစုပေါင်း ၁၃၀၀ ကျော်၊ စာမျက်နှာပေါင်း ငါးသိန်းကျော်ကို e-book အဖြစ်ပြောင်းလဲခဲ့ပြီး သုတေသနစာကြည့်တိုက်၏ website ဖြစ်သော www. KBRL.gov.mm တွင် ဖတ်ရှုနိုင်ပြီဖြစ်ပါသည်။ သုတေသနစာကြည့်တိုက်တွင် စာအုပ်အမျိုးအမည်ပေါင်း ၁၀၀၀၀ ကျော်ရှိရာ e-book များ ဆက်လက်ဆောင်ရွက်ခြင်း၊ Website တင်ထုတ်လွှင့်ခြင်းများကို သုတေသနစာကြည့်တိုက်ရှိ စာအုပ်များအားလုံး ထုတ်လွှင့်နိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

**e-Library ၏ အကျိုးကျေးဇူးများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရဟန်း၊ သာမဏေ ၅၅၁၅၈၇ ပါး၊ သီလရှင် ၅၅၆၀၈ ပါး စုစုပေါင်း ၆၀၇၁၉၅ ပါးရှိပြီး ပရိယတ္တိစာသင်တိုက် ၁၂၃၈ တိုက်၊ ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာပေါင်း ၇၄၆ ခုရှိသည့်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ထေရဝါဒဗုဒ္ဓသာသနာကို အလေးအနက်ထားလျက်ရှိရာ ယခုကဲ့သို့ ဗုဒ္ဓစာပေများကို Website မှ ဖတ်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ခြင်းသည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအတွက် အကျိုးကျေးဇူးများကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာပါဠိတော်များကို ပဉ္စမသင်္ဂါယနာ၊ ဆဋ္ဌသင်္ဂါယနာဟူ၍ နှစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်၍ သင်္ဂါယနာတင်ပြီးဖြစ်သဖြင့် ထေရဝါဒဗုဒ္ဓသာသနာ၏ ဓမ္မအစစ်၊ ဓမ္မအမှန်ကို မြန်မာနိုင်ငံကသာလျှင် ပေးစွမ်းနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြုခံထားရပြီး ပုဂံခေတ်မှစတင်၍ ယနေ့ကာလတိုင် ဂန္ထဓုရပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများက မူရင်းပါဠိတော်များနှင့် အဋ္ဌကထာဋီကာကျမ်းစာများ၏ အနှစ်သာရတို့ကို သာမန်ပုဂ္ဂိုလ်များအတွက် လွယ်ကူရှင်းလင်းစွာ နားလည်သိရှိအားထုတ်နိုင်အောင် ဘုရားရှင်၏ အလိုဆန္ဒတော်နှင့်လျော်ညီစွာ မြန်မာဘာသာဖြင့် ပြုစုထားသော ကျမ်းများရှိနေပြီဖြစ်ပါသည်။

ထို့ပြင် ပရိယတ္တိဂုဏ်ဆောင် သာသနာပြုဉပါသကာကြီးများ၏ မြန်မာဘာသာဖြင့် ပြုစုထားသောကျမ်းစာများနှင့် ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းလာခဲ့သော ပဋိပတ္တိဝန်ဆောင်မဟာထေရ်ကြီးများ၏ ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိကမ္မဋ္ဌာန်း အားထုတ်နည်းအမျိုးမျိုးတို့ကို ညွှန်ပြသည့် ကျမ်းစာအမျိုးမျိုးတို့လည်း ပေါ်ထွန်းနေပြီဖြစ်၍ နိုင်ငံတကာ ဗုဒ္ဓဘာသာသုတေသီများအတွက် ပိဋကတ်ဘာသာပြန်အဖွဲ့က ပြန်ဆိုတည်းဖြတ်ပြီးဖြစ်သော ပါဠိတော်အင်္ဂလိပ်ဘာသာပြန်ကျမ်းများ၊ ဗုဒ္ဓဘာသာဆိုင်ရာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသော အထွေထွေကျမ်းစာများကို ကမ္ဘာတစ်ဝန်းသို့ Online မှတစ်ဆင့် ဖြန့်ဝေနိုင်ပြီဖြစ်ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သည် ရည်ညွှန်းစာကြည့်တိုက်၊ သုတေသနစာကြည့်တိုက်ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓစာပေပညာသင်ရဟန်းသံဃာတော်များ၊ တက္ကသိုလ်အသီးသီးမှ ကျမ်းပြုဆရာမများ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ကျမ်းပြုစုသူများ၊ ပြည်တွင်းပြည်ပသုတေသီပညာရှင်များအတွက် လွန်စွာအထောက်အကူပြုသော အထူးစာကြည့်တိုက်ကြီးတစ်ခုဖြစ်ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သို့ လာရောက်လေ့လာကြသော ပြည်တွင်း/ပြည်ပ ပညာရှင်သုတေသီများအတွက် အကျိုးကျေးဇူးများသည် သာမက ဗုဒ္ဓစာပေများကို e-book သို့ ပြောင်းလဲအဆင့်မြှင့်တင်၍ Online မှ ထုတ်လွှင့်နေပြီဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းရှိရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် သုတေသီများသည် ကမ္ဘာအရပ်ရပ်တွင် မိမိတို့ ရောက်ရှိရာနေရာမှ Download ရယူ၍လေ့လာဖတ်ရှုနိုင်ကြသည့် အကျိုးထူးများ ရရှိနိုင်ကြပြီဖြစ်ပါသည်။ ယခုအခါ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ဗုဒ္ဓစာပေများ သင်ယူလျက်ရှိကြသော မြန်မာပညာသင် ရဟန်းတော်များသည် www.KBRL.gov.mm Website မှတစ်ဆင့် ဗုဒ္ဓစာပေများကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် လွယ်လင့်တကူဖတ်ရှုလေ့လာပြီး ဘွဲ့ယူစာတမ်းများအတွက်ပါ အားကိုးအားထားနိုင်ပြီဖြစ်ရာ ပညာသင်ရဟန်းတော်များအတွက် အထူးအားထားရသည့် Website တစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❍ ကျောဖုံးမှ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၇၀၃၃ ဗိုလ်လောင်းအောင်ဆက်မြင့်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၇၀၂၁ ဗိုလ်လောင်းအေးချမ်းအောင်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၇၀၃၃ ဗိုလ်လောင်း အောင်ဆက်မြင့်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၇၀၂၁ ဗိုလ်လောင်း အေးချမ်းအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည့်အတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရုံသာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာရှိသည့် တပ်မတော်လည်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးသည့်အချိန်တွင် ကြုံတွေ့ခဲ့ရသော ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းခဲ့ရပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားနိုင်ငံရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များ၌ ဖြစ်ပေါ်ခဲ့သော နိုင်ငံတော်၏အရေးကြီးအချိန်ကာလများတွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အနေအထား၊ အိမ်နီးချင်းနိုင်ငံများ၊ လူမျိုးရေးနှင့် နောက်ခံသမိုင်းကြောင်းတို့အရ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တပ်မတော်သည် ခေတ်မီတပ်မတော် (Standard Army) ဖြစ်ရန်လိုကြောင်း၊ ခေတ်မီတပ်မတော် တည်ဆောက်နိုင်မှသာ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စစ်အတတ်ပညာနှင့် စစ်နည်းပညာ တိုးတက်မှုများကို ရင်ဆိုင်နိုင်ပြီး တိုင်းပြည်ကို ဘက်ပေါင်းစုံမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာအခြေပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့် နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲ အသွင်ဆင်နွှဲလျက်ရှိကြောင်း၊ IT နည်းပညာကို အသုံးပြုပြီး သတင်းထောက်လှမ်းရယူကာ တစ်ဖက်အားနည်းချက်များကို ဝင်ရောက်စွက်ဖက်လျက်ရှိသည်များကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ Cyber Warfare အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြကြောင်း၊ သိပ္ပံနှင့် နည်းပညာတွင် “ဖော်ထုတ်သုံးစွဲ”သည့် အဆင့်မှ “တီထွင်အသုံးပြု”သည့် အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည့်အတွက် ပြောင်းလဲတိုးတက်နေသော စစ်ဘက်သိပ္ပံပညာရပ်များကို ကျွမ်းကျင်စွာ တီထွင်ထုတ်လုပ် အသုံးပြုနိုင်ရန် အမြဲမပြတ်ဆည်းပူးလေ့လာပြီး မိမိတို့၏အခြေအနေနှင့် ကိုက်ညီအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော် စွမ်းရည်ထက်မြက်ရန်၊ ခေတ်မီရန်မှာ မျိုးဆက်သစ် အတတ်ပညာရှင်၊ အသိပညာရှင်များ၏ စွမ်းရည်နှင့် ကြိုးစားအားထုတ်မှုအပေါ်တွင် တည်မှီနေကြောင်း။

ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် လျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီ အခြေတည်ခိုင်မာရှင်သန်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံတိုးတက်စေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့တပ်မတော်သည်လည်း ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ရန် လိုအပ်ကြောင်း၊ လူအင်အား တစ်မျိုးတည်းမဟုတ်ဘဲ စစ်လက်နက်အင်အား၊ စစ်လက်နက်ဆက်စပ်ပစ္စည်းဆိုင်ရာ စွမ်းပကားနှင့် စစ်မှုရေးရာနည်းပညာ စွမ်းပကား စသည်များတောင့်တင်းပြီး ထက်မြက်နေရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြသည့်အချိန်တွင် အမိန့်နာခံတတ်မှု၊ စည်းကမ်းပြည့်ဝမှုနှင့် စည်းလုံးညီညွတ်မှုသည် အရေးကြီးဆုံး ဖြစ်ကြောင်း။

ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တပ်မတော်သားများက ကိုယ်ရောစိတ်ပါ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြုံလာချိန်တွင်လည်း အမြန်ဆုံးသွားရောက်ပြီး အရေးပေါ် ကူညီကယ်ဆယ်ရေးကိစ္စရပ်များ၊ ရွှေ့ပြောင်းရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဒေသခံပြည်သူများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများသည် တပ်မတော်၏ မွန်မြတ်မှန်ကန်သော စေတနာ၊ မေတ္တာနှင့် လုပ်ဆောင်ချက်များကို လက်ခံနားလည်ပြီး လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြကြောင်း၊ ရောက်ရာဒေသအသီးသီးတွင် ပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို မိမိတတ်မြောက်ထားသည့်ပညာရပ်ဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတွင်း မတည်မငြိမ်ဖြစ်အောင်၊ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်မှုများနှင့်ပတ်သက်၍လည်း စစ်ရေးသတိအမြဲရှိနေရန်လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ပါရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသည့် ဒီမိုကရေစီနိုင်ငံ လျှောက်လှမ်းနိုင်ရန် အမြဲလမ်းဖွင့်ထားကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသော တပ်မတော်သားတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်းငါးပါး အစဉ်ပြည့်ဝနေရန်လိုအပ်ကြောင်း၊ တပ်မတော်သားတစ်ယောက်သည် စစ်မှုရေးရာတစ်ခုတည်းကိုသာ တတ်သိကျွမ်းကျင်နေရုံဖြင့် မပြီးပြည့်စုံနိုင်ခြင်းကြောင့် ကမ္ဘာ့အဝန်းခြုံငုံပြီး အမြင်လေးမြင်ရှိရန်လည်း လိုအပ်ကြောင်း၊ အမြင်လေးမြင်ရှိမှသာလျှင် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလအခြေအနေကို သိမြင်နိုင်ပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်တည်ဆောက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် သမိုင်းကြောင်းအရ တိုင်းပြည်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင်လည်း ဆက်လက်ပါဝင်နေရဦးမည် ဖြစ်ကြောင်း။

ခေါင်းဆောင်မှု အတတ်ပညာ

*စာမျက်နှာ ၉ သို့*



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (မြဝတီ)



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၁

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်ရှိ ပညာတန်ဆောင် စားရိပ်သာ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုး များနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့က မြန်မာ့စောင်းဖြင့် သီဆိုတီးခတ်ဖျော်ဖြေကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ၊ ဗိုလ်လောင်းများသည် မြဝတီတေး ဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိ သည်။ **(မြဝတီ)**




*စာမျက်နှာ ၈ မှ*

သည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အသက်တမျှ အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း နှစ်ဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ်၏ စက်မှုနှင့် သိပ္ပံစွမ်းရည်ပြပွဲ (SCIENCE AND TECHNOLOGY EXHIBITION 2015) သို့ သွားရောက်ကြပြီး ပြခန်းတွင် ဗိုလ်လောင်းသင်တန်း Project ဆောင်ရွက်မှုများ၊ သုတေသနဆောင်ရွက်မှုများနှင့် ပါရဂူသင်တန်း ကျမ်းပြုစာတမ်း ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပြကွက်များ၊ ပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြသ၍ ရှင်းလင်း တင်ပြခဲ့ကြကြောင်း သတင်းရရှိ သည်။ **(မြဝတီ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# အောင်လံမြို့နယ် ပြလို့ကျေးရွာသို့ တပ်မတော်နယ်လှည့်ဆေးကုသရေး ဆေးရုံရေယာဉ်နှစ်စင်းရောက်ရှိ

အောင်လံ ဒီဇင်ဘာ ၁၁

**အောင်လံမြို့နယ် ပြလို့ကျေးရွာသို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွား ဆေးရုံရေယာဉ် ရွှေပုစွန်နှင့် စကုရေယာဉ် နှစ်စင်းတို့သည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က ရောက်ရှိခဲ့ကြသည်။**

တပ်မတော်ဆေးကုသရေးအဖွဲ့တွင် ဗိုလ်မှူး ကျော်စိုးလွင်ပါ ၈၄ ဦးသည် ရှစ်မျက်နှာသာသနာ့ဗိမာန်တော်ကြီး အတွင်း၌ နံနက် ၁၁ နာရီခွဲမှစတင်၍ ဆေးကုသပေးရာ နံနက်ပိုင်းအချိန်အထိ ပြလို့ကျေးရွာနှင့် အနီးအနားပတ်ဝန်းကျင်ကျေးရွာများမှ ကလေးလူနာ ၄၈ ဦး၊ လူကြီးလူနာ ၅၆၀ စာရင်းပေးသွင်းဆေးကုသမှုခံယူလျက်ရှိပြီး ဆေးကုသခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နှစ်ရက်ကြာကုသပေးမည်ဖြစ်သည်။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့အား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမျိုးလွင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးမောင်နှင့် မြို့နယ်/ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြလို့ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဖွံ့/ထောက် ကော်မတီဝင်များ၊ ပြလို့ကျေးရွာ တိုက်နယ်ဆေးရုံမှ သူနာပြုများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# MNL လိဂ် ကော်မတီအစည်းအဝေး၌ နိုင်ငံခြားသားကစားသမား ပွဲထွက်ခွင့်စည်းမျဉ်းအတည်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနေရှင်နယ်လိဂ် (MNL) ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ MNLလိဂ်ကော်မတီဝင်များ၊ MNL ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ၂၀၁၆ ရာသီ MNL ပြိုင်ပွဲ၊ MNL-2 ပြိုင်ပွဲ၊ လူငယ်ပြိုင်ပွဲများကျင်းပရေး၊ စပွန်ဆာများရှာဖွေထားမှု၊ MNL-2 ပြိုင်ပွဲ၌ အသင်းသစ်များ တိုးမြှင့်လာမှု၊ ကလပ်အသင်းများ၏ အသုံးစရိတ်များနှင့် ငွေကြေးအနေအထား၊ ကစားသမားများ၏ စာချုပ်ချုပ်ဆိုမှုများ စသည့် အချက်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် ၂၀၁၆ ရာသီ၌ MNL ကလပ်အသင်းများ၌ နိုင်ငံခြားသားကစားသမား ပွဲထွက်ခွင့်အရေအတွက်ကို တက်ရောက်လာသူများ၏ ထောက်ခံမှုဖြင့် အတည်ပြုခဲ့ပြီး သုံးဦးသာ ပွဲထွက်ခွင့်ရရှိတော့မည်ဖြစ်သည်။ ကလပ်အသင်းများအနေဖြင့် နိုင်ငံခြားသားလေးဦး ခေါ်ယူနိုင်သော်လည်း ကွင်းအတွင်းအသုံးပြုရာတွင် သုံးဦးသာအသုံးပြုခွင့်ရမည်ဖြစ်သည်။ လေးဦးခေါ်ယူထားသည့် အသင်းများအနေဖြင့် သုံးဦးကို အသုံးပြုပြီး ကျန်တစ်ဦးကိုအရန်စာရင်း၌ ထည့်သွင်းခွင့်ရှိသော်လည်း လူစားလဲရာတွင် ကွင်းအတွင်း၌ နိုင်ငံခြားသားလေးဦး မဖြစ်စေရန် နိုင်ငံခြားသား အချင်းချင်းသာ လူစားလဲရမည်ဖြစ်သည်။ MNL ကလပ်အသင်းများတွင် နိုင်ငံခြားသား ကစားသမား အသုံးပြုခွင့်ကို ငါးဦးအထိ အသုံးပြုခွင့်ပေးခဲ့ရာမှ တဖြည်းဖြည်းလျှော့ချလာခြင်း ဖြစ်သည်။ ၂၀၁၆ ရာသီတွင် MNL-2 ၌ အသင်းသစ်လေးသင်းယှဉ်ပြိုင်ခွင့်ပြုရန်တင်ပြထားပြီး Best United အသင်းမှာ ပထမတန်းမှ နုတ်ထွက်သွားပြီ ဖြစ်သည်။

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်မည်ဖြစ်ပြီး MNL လူငယ်ပြိုင်ပွဲ၊ MNL-2 အမှတ်ပေးပြိုင်ပွဲနှင့် MNL-2 လူငယ်အမှတ်ပေးပြိုင်ပွဲတို့ကိုလည်း ဇန်နဝါရီလအတွင်း စတင်မည်ဖြစ်သည်။ ရာသီကြို MNL Charity Cup ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းနှင့် ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၉)တွင် ဖော်ပြခဲ့သော လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများထုတ်ပြန်ကြေညာခြင်းတွင် အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပေးပါရန်-

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | အပိုဒ် ၃ (ခ) (၃) တွင် | | | | | | |
| | (ကက) | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၃၈၀၁၅၈၈၀ | ဦး | အစား | ၃၈၀၂၀၂၉၇ | ဦး |
| | (ခခ) | ဆန္ဒမဲပေးသူဦးရေ | ၂၆၃၆၈၄၆၇ | ဦး | အစား | ၂၆၃၆၈၂၀၇ | ဦး |
| | (ဂဂ) | ဆန္ဒမဲပေးမှုရာခိုင်နှုန်း | ၆၉. ၃၆ | % | အစား | ၆၉. ၃၅ | % |
| (ခ) | အပိုဒ် ၃ (ဂ) (၃) တွင် | | | | | | |
| | (ကက) | ဆန္ဒမဲပေးသူဦးရေ | ၃၈၀၁၅၈၈၀ | ဦး | အစား | ၂၆၃၆၈၂၀၇ | ဦး |
| | (ခခ) | ရရှိသည့်ခိုင်လုံသောဆန္ဒမဲ အရေအတွက် | ၂၅၁၀၃၂၅၂ | မဲ | အစား | ၂၅၁၀၃၃၃၄ | မဲ |
| | (ဂဂ) | ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း | ၆၆. ၀၃ | % | အစား | ၉၅. ၂၀ | % |
| (ဂ) | အပိုဒ် ၃ (ဃ) (၃) တွင် | | | | | | |
| | (ကက) | ဆန္ဒမဲပေးသူဦးရေ | ၃၈၀၁၅၈၈၀ | ဦး | အစား | ၂၆၃၆၈၂၀၇ | ဦး |
| | (ခခ) | ရရှိသည့်ခိုင်လုံသောဆန္ဒမဲ အရေအတွက် | ၂၅၁၀၃၂၅၂ | မဲ | အစား | ၂၅၁၀၃၃၃၄ | မဲ |
| | (ဂဂ) | ပယ်မဲ၊ ပျောက်မဲ အရေအတွက် | ၁၂၆၅၂၁၅ | မဲ | အစား | ၁၂၆၄၈၇၃ | မဲ |
| | (ဃဃ) | ဆန္ဒမဲရရှိမှုအနက်ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း | ၃. ၃၃ | % | အစား | ၄. ၈၀ | % |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စာတော်သာလှ နတ်တော်လ

(ရွှေတိုင်လွင်)

နတ်တော်လသည် မြန်မာလ (၁၂)လရာသီ တစ်ဆယ့်နှစ်လတွင် နဝမအကြိမ်မြောက် ကိုးလမြောက် ဆောင်းဝင်စ လရာသီဖြစ်ပေသည်။ ဤလသည် မနုရာသီခွင်သက်ဆင်းလို့ နတ်တို့ဖန်ဆင်းသည့် နတ်ဒေဝါတို့ကြိုက်သော သဇင်ပန်း၊ ဂမုန်းပန်းတို့ ပွင့်လန်းမွှေးကြူကာ အေးမြသည့်ဆောင်းလေတို့ဖြင့် လရာသီအလှကို ဆောင်ထားဘိသကဲ့သို့ တင့်တယ်ကြည်နူးဖွယ်လတစ်ပါး ဖြစ်နေပါသည်။

ရှေးရှေးသော ဘုရင်မင်းများ လက်ထက်များကတည်းကပင် ဤနတ်တော်လ၌ မင်းခမ်းမင်းနားဖြင့် ဘုရင်နန်းတော်အတွင်း စာတော်သွင်းရသောလဖြစ်သလို၊ စာပေပညာရှင်ကြီးများတို့အား ဂုဏ်ပြုသော ပွဲလမ်းများ ခင်းကျင်းလေ့ရှိသော မြန်မာမှုတစ်ရပ်သည် ထိုလကို ပိုမိုပုံဖော်ထင်ဟပ်စေသည်။

ရှေးကာလကပင် စာဆိုရှင်ကြီးများအား လေးစားကော်ရော်ပူဇော်သည့်အလေ့အထကို ထိုနတ်တော်လမှာပင် ကျင်းပခဲ့မြဖြစ်သည်။ နတ်တော်လဟု ခေါ်တွင်လာရခြင်းမှာ နတ်တို့မြတ်နိုးသည့် ဂမုန်း သဇင်ပွင့်သောလ၊ နတ်တမျှတော်သည့် စာဆိုရှင်ကြီးများအား အလေးထားတင်စားပူဇော်သောလ ဖြစ်သည့်အပေါ် တည်မှီကာ နတ်တော်လကို စာဆိုတော်များ ဂုဏ်ပြုသောလ (စာဆိုလ)ရယ်လို့ ထင်ရှားပေါ်လွင်လာခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပေသည်။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန်လေးဆစ်များထဲမှ နတ်တော်လဘွဲ့ သဖြန်လေးဆစ်ကဗျာလေးက ဤကဲ့သို့ ဆိုထားပါလေသည်။ **“ရှစ်ခွင်ကိုမြူဆင်းလို့ ငွေနှင်းတဲ့နုစို ဂမုန်း သဇင်တို့ စုံခွင်မှာ လေချိုညင်းက၊ သုတ်သွင်းဘယ်ညာနှံ့ သင်းပျံ့ပျံ့ချို၊ ယုဂန္ဓိုရ်တောင်ထိပ်ဖျား ငွေလစန္ဒီနှင့် မိဂသီ ရောင်ခြည်ဖျန်းတယ် မြန်းတူကြွသွား”** ဟူ၍ နတ်တော်လ၏အေးမြပုံ၊ ရာသီသဇင်ပန်းနှင့်အပြိုင် မိတ်ဖက်ဂမုန်းပန်းတို့ကလည်း ကူညီကာ ပွင့်အာပေးနေပုံ၊ ယုဂန္ဓိုရ်တောင်ထိပ်၌ ငွေလစန္ဒီနှင့် မိဂသီကြယ်တာရာတို့ ယှဉ်ပြိုင်ကာ လပြည့်အလှနှင့် လှပတင့်တယ်နေပုံကို တင်စားရေးသားခဲ့သည်။

နတ်တော်လသို့ရောက်လေတိုင်း ရွှေကေရာဇ်ဘုရင်

**■ နတ်တော်လသို့ ရောက်လေတိုင်း ရွှေကေရာဇ်ဘုရင်မင်းမြတ်များ လက်ထက်ကပင် စာတော်သဘင်၊ ဘုရင့်ထံ စာတော်ဖတ်ကြားပေးရသော ပွဲသဘင်များကို ကျင်းပပြုလုပ်ခဲ့ကြောင်း စာပေယဉ်ကျေးမှု သမိုင်းကြောင်းများကို လေ့လာတွေ့ရှိရ**

မင်းမြတ်များလက်ထက်ကပင် စာတော်သဘင်၊ ဘုရင့်ထံစာတော်ဖတ်ကြားပေးရသော ပွဲသဘင်များကို ကျင်းပပြုလုပ်ခဲ့ကြောင်း စာပေယဉ်ကျေးမှု သမိုင်းကြောင်းများကို လေ့လာတွေ့ရှိရသည်။ စာပေပညာရှင်ကြီးများက စာပေများကို ရေးသားကြပြီး အသံနေ သံထားများဖြင့် ကဗျာ၊ လင်္ကာ၊ သံချိုထပ်၊ လေးချိုး၊ ခွန်းထောက် စသည်ဖြင့် စာပေအရေးအသား အမျိုးအစားစုံစွာ တင်ဆက်ကြရသည့် စာတော်အစဉ်အလာတစ်ရပ်မှာ လေးမြတ်ကြည်နူးဖွယ် ယခင့်ယခင်ကာလကတည်းက ရှိခဲ့ကြောင်း၊ ထိုစာဆိုရှင်ကြီးများကိုလည်း ဘုရင်မင်းမြတ်တို့က ဂုဏ်ပြုပွဲများကို ဤလ ဤအချိန်အခါမျိုးတွင် ကျင်းပကြခြင်းတို့ကို ထောက်ရှု၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးကလည်း ယခင် စာပေလုပ်သား၊ ထို့နောက် စာပေနှင့်စာနယ်ဇင်း၊ ယခု စာရေးဆရာ စသည်ဖြင့် အခေါ်အဝေါ်များ အဆင့်ဆင့်ပြောင်းလာခဲ့သည့် စာပေအနုပညာရှင်ကြီးများ၊ သက်ကြီးပညာရှင်ကြီးတို့အား ပူဇော်ကန်တော့ပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်လာခဲ့ကြောင်း၊ စာပေ အထောက်အထားများအရ နတ်တော်လဆန်း တစ်ရက်နေ့သို့ရောက်တိုင်း ပူဇော်ကျင်းပခဲ့ပုံများကို လေ့လာတွေ့ရှိကြရမည်ဖြစ်သည်။

ဂုဏာဝုဒ္ဓိ၊ ဝရဝုဒ္ဓိ၊ ပညာဂုဏ်၊ အသက်၏ဂုဏ်တို့ကို မြန်မာမှုအစဉ်အလာအရ အရိုအသေ ဂါရဝပြုရသည့် ဤနတ်တော်လ စာဆိုကာလသည် မင်္ဂလာတရားတော်နှင့်ညီသည့်လတစ်ပါးဟုလည်း ဆိုရပေမည်။

နတ်တော်လ၏ အေးမြပုံ၊ ပွဲတော်ကျင်းပပုံတို့ကို ပုံဖော်ထားသည့် မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းများထဲမှ နတ်တော်လ လွမ်းချင်းကလည်း ဤသို့ရေးဖွဲ့ထားပါ၏။ “ရှုလေတိုင်းကိုတဲ့ ဝေမှိုင်းငယ်ဖြာဖြာ၊ လေညင်းငယ်လာသည် ဖော်မပါတူစုံကို လွှာခြုံအေးပြန်တော့တယ်လေး။ ဆယ့်နှစ်ဖြာငယ်၊ ရာသီခနဲ့ ရွှေဟသာလည်း တာရာပြုလို့ ဇေယုဗြဟ္မာ၊ ဟေမန္တမို့၊ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ ကျွေးမြဲပူဇော်လနတ်တော်ကို ရှုမျှော်ထိပ်စီ မိဂသီလည်း ခါညီမှန်းလယ်သွန်းရောင်ခြည်သောခါ နတ်ရွှေဝဥကင်မှာ ဂမုန်းအင်သဇင်မင်းငယ်က လင်းလှတယ်လေး” ဟူ၍ ဆိုထားခြင်းဖြင့်၊ နတ်တော်လသည် နတ်သိကြားတို့မြတ်နိုးသော ဂမုန်း၊ သဇင်ပန်းတို့ပွင့်လန်းသောလ၊ စာဆိုတော်ကြီးများကို နတ်တမျှတော်သည်ဟု တင်စားသောလ၊ တော်ဝင်ပန်း နတ်ပန်းတို့ပွင့်သောလဟု အလွန်အေးမြပုံ၊ ဆောင်းလေ၏အေးစိမ့်သောအရသာ၊ မဟာပိန္နဲနတ်ပူဇော်ပွဲများ ကျင်းပမြဲဖြစ်သည့် ဤနတ်တော်လဝယ် စာပေအနုပညာရှင်ကြီးတို့အား ပူဇော်ပွဲများပြုရခြင်းမှာ အလွန်သင့်မြတ်လှကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် နတ်တော်လဆန်း (၁)ရက်နေ့ကို “စာဆိုတော်နေ့”အဖြစ် ၁၃၀၆ ခုနှစ်ကတည်းက ကျင်းပလာခဲ့သည်။ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံကြီးတွင် စတင် ကျင်းပခဲ့ပြီး ထိုအခမ်းအနားကြီးတွင် စာပေဝါသနာရှင်များ၊ ပညာရှိပုဂ္ဂိုလ်များနှင့် ပညာရေးဌာနမှဆရာများ၊ ရှေးစာဆိုတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ကြရာ၌ စလေဆရာကြီး ဦးပုညရေးသားခဲ့သော ဝိဇယပြဇာတ်ကို စာရေးဆရာကြီးဦးသုခက ထုတ်နုတ်သရုပ်ဆောင်ခဲ့ရာ လူအများနှစ်သက်ဖွယ် ဖြစ်ခဲ့ရကြောင်း လေ့လာတွေ့ရှိရသည်။

စာဆိုတော်နေ့ နတ်တော်လဆန်း (၁)ရက်နေ့ရောက်တိုင်း သက်ကြီးစာပေပညာရှင်ကြီးတို့အား ပူဇော်ကန်တော့ပွဲများကို ကျင်းပပြုလုပ်လာခဲ့ရာ ၁၃၇၇-ခုနှစ် နတ်တော်လဆန်း (၁)ရက်တွင် စာဆိုတော် ပညာရှင် သက်ကြီးဆရာကြီးတို့အား (၇၁)ကြိမ်မြောက် ပူဇော်ပွဲကြီးကို ခမ်းနားစည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

## အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအတွက် စာသင်ခုံ တစ်သိန်းခုနှစ်သောင်းကျော်ထုတ်လုပ်ပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများအတွက် ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပြု စာသင်ခုံများ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ထုတ်လုပ်ဖြန့်ဝေသည့် စာသင်ခုံမှာတိုင်၊ တန်းများကို ဟော်လိုပိုက်ဖြင့်ပြုလုပ်၍ အောက်ခံ bredoxide အပေါ်ဆေးစိမ်းသုတ်၍ စားပွဲခင်း၊ လွယ်အိတ်တင် အခင်း၊ ထိုင်ခုံအခင်းများကို သစ်သား၊ အထပ်သားအသုံးပြုထားရှိကာ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက်ဖြစ်ပြီး အထက်တန်းနှင့် အလယ်တန်းများအတွက် ခုံအမြင့်၊ (စာရေးစားပွဲ ၆ '× ၁၄"၊ ၂. ၅'၊ ကုလားထိုင်တွဲ - ၆'× ၁၂"၊ ၁. ၅' )၊ မူလတန်းများအတွက် ခုံအနိမ့်(စာရေးစားပွဲ ၅'× ၁၂"× ၂'၊ ကုလားထိုင်တွဲ - ၅' × ၁၀" × ၁' ) အဖြစ် အရွယ်အစားနှစ်မျိုးကို ထုတ်လုပ်သည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအတွက် စာသင်ခုံ ၁၆၇၆၂၅ လုံး၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများအတွက် စာသင်ခုံ ၅၉၆၉ လုံး အမြင့်၊ အနိမ့် စုစုပေါင်း ၁၇၃၅၉၄ လုံး စုစုပေါင်း ငွေကျပ် ၇,၀၀၀ ဒသမ ၀၁၇၃ သန်း ကျခံသုံးစွဲခဲ့သည်။

ဦးစားပေး ဖြည့်ဆည်း ဆောင်ရွက်ခြင်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ် ရေဘေးသင့်ဒေသများမှ ရေမြုပ်ပျက်စီးသည့် စာသင်ကျောင်းများနှင့် ဟားခါးမြို့နယ်တို့အတွက် စာသင်ခုံများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် အကူအညီဖြင့် ၂၃၅ လုံး အချိန်မီ စီစဉ်ဆောင်ရွက်ခဲ့သည်။

ရေဘေးသင့်ဒေသများဖြစ်သော ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ်များအတွက် စာသင်ခုံလိုအပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးတွင် အခြေပြုထုတ်လုပ်သော Advanced Agricultural Engineering Co.,Ltd. နှင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး စာသင်ခုံလိုအပ်ချက် ၃၁၁၆ လုံးကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။

ချင်းပြည်နယ်မှ သဘာဝဘေးဒဏ်သင့်မြို့နယ်များ ဖြစ်သော ဟားခါးခရိုင် ဟားခါး၊ ဖလမ်းခရိုင် တွန်းဇံ၊ တီးတိန်၊ မင်းတပ်ခရိုင်၊ ပလက်ဝ၊ ကန်ပက်လက်မြို့နယ်များအတွက် စာသင်ခုံအမြင့် ၁၆၉ လုံး၊ အနိမ့် ၁၃၆ လုံး စုစုပေါင်း ၃၀၅ လုံးကို Momentum T rading Enterprise Co.,Ltd. နှင့် သက်ဆိုင်ရာ အခြေခံပညာ ဦးစီးဌာနတို့ ညှိနှိုင်းပြီး ဖော်ပြပါ မြို့နယ်ငါးခုအတွက် စာသင်ခုံအမြင့် ၅၂၈ လုံး၊ အနိမ့် ၈၇၅ လုံး စုစုပေါင်း ၁,၄၀၃ လုံးကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





## ညောင်ကုန်းကျေးရွာတွင် နှစ်ပေါင်း ၁၆၀ ခန့်ရှိ ရှေးဟောင်းစဉ့်အိုးကြီးတစ်လုံး ထိန်းသိမ်းထား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာတွင် ဒေါ်ကြည်အေး(၈၀နှစ်)သည် ၎င်း၏မိဘဘိုးဘွားများ လက်ထက်ကတည်းက ထိန်းသိမ်းလာခဲ့သည့် နှစ်ပေါင်း ၁၆၀ ခန့်သက်တမ်းရှိ စဉ့်အိုးကြီးတစ်လုံးကို ယခုထိတိုင်ထိန်းသိမ်းထားရှိဆဲဖြစ်ကြောင်း သိရသည်။

“အဘွားတို့အမေကြီးရဲ့ယောက္ခမများလက်ထက်က သုံးခဲ့တဲ့ပစ္စည်းလို့ သိရပါတယ်။ အဲ့ဒီအိုးကို ဘိလပ်အိုးလို့ခေါ်တာပဲ အဘွားကြားခဲ့ဖူးတယ်။ ဆန်ထည့်ရင် လေးတင်းနဲ့ တစ်စိတ်လောက်ထည့်လို့ရတယ်။ အဘွားအမေကြီးရဲ့ယောက္ခမက အင်္ဂလိပ်အစိုးရလက်ထက်မှာ ဒီကျွန်းတက်ပဲ့ရွာသူကြီးလုပ်ခဲ့တယ်။ အဘွား ၁၀ နှစ်သမီးအရွယ်မှာ အဘွားဒေါ်သဲမှုံက(၉၉ နှစ်)ရှိပြီ။ အခု ဒါကို ရှေးဟောင်းပစ္စည်းဆိုပြီး လာလာဝယ်ကြတယ်။ အဘွားကတော့ မရောင်းပါဘူး။ သားစဉ်မြေးဆက် ထိန်းသိမ်းထားစေချင်တယ်” ဟု အဘွားဒေါ်ကြည်အေးက ပြောသည်။ အဆိုပါစဉ့်အိုးကြီး၏နှုတ်ခမ်းအဝတွင် ပျူဒင်္ဂါးနှစ်ချပ်စာရိုက်နှိပ်ထားသည့် တံဆိပ်နှစ်ခုကိုလည်း တွေ့ရသည်။

စဉ့်အိုးအဝအကျယ်ရှစ်လက်မရှိပြီး လုံးပတ်ခုနစ်ပေအမြင့်မှာ နှစ်ပေနှင့်အရောင်မှာ အနက်ရောင်ဖြစ်ကာ ယခုတိုင်အကောင်းပကတိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်နယ်အခြေစိုက်မီဒီယာတို့ပြောသည့် တိုင်းရင်းသားမီဒီယာအခင်းအကျင်းနှင့် စိန်ခေါ်မှုများအကြောင်း

သတင်း၊ တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ - ဖိုးထောင်

**"New Dynamics in Myanmar Media" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ဒုတိယနေ့)ကို ဒီဇင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဆက်လက်ပြုလုပ်သည်။**

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲများတွင် သတင်းအချက်အလက်ရယူ သိရှိပိုင်ခွင့်မှ ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းဆီသို့၊ ရပ်ရွာအခြေပြု မီဒီယာများမှ ထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံ၊ အားကောင်းသည့် မီဒီယာအသံများ လုံခြုံမှုရှိစေရန်ကာကွယ်ခြင်း၊ ဖြစ်ထွန်းလာမည့် တိုင်းရင်းသားမီဒီယာ အခင်းအကျင်း စိန်ခေါ်မှုများနှင့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ အစရှိသည့် ခေါင်းစဉ်များဖြင့် ကဏ္ဍခွဲခွဲ၍ ဆွေးနွေးခဲ့သည်။



ယနေ့ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များတွင်ပါဝင်သည့် ရပ်ရွာအခြေပြုမီဒီယာများမှ ထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံနှင့် တိုင်းရင်းသားမီဒီယာ အခင်းအကျင်း စိန်ခေါ်မှုများအပေါ် တိုင်းရင်းသားမီဒီယာများအနက်မှ မွန်ဘာသာဖြင့် ထုတ်ဝေသည့် **အမတ်ဒိန်ဂျာနယ်**နှင့် ကချင်ပြည်နယ်အခြေစိုက် **မြစ်ကြီးနားသတင်းဂျာနယ်**တို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



**ဆိုင်းမိုင် (မြစ်ကြီးနားသတင်းဂျာနယ်၊ အယ်ဒီတာချုပ်)**

**မေး ။ ။ တိုင်းရင်းသားဒေသမှာ အခြေစိုက်တဲ့ ဂျာနယ်တစ်စောင်အနေနဲ့ လက်ရှိမှာဘယ်လိုအခြေအနေတွေနဲ့ ရင်ဆိုင်နေရပါသလဲ။**

ဖြေ ။ ။ ကျွန်မတို့ဂျာနယ်က ကချင်ပြည်နယ်မှာ ပထမဦးဆုံးထုတ် ဂျာနယ်ပါ။ ကိုယ်ကလမ်းစဖောက်ခဲ့ရတာဆိုတော့ အခက်အခဲတွေ အများကြီးရှိတယ်။ ကိုယ့်ရဲ့ရှေ့မှာက ဘာဂျာနယ်၊ သတင်းစာမှ မရှိခဲ့ဘူး။ ပုံနှိပ်စက်ကအစပေါ့။ ရန်ကုန်၊ မန္တလေးလိုမျိုး သတင်းပိုင်းဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိပြီးသားသူတွေကို အသင့်သုံးလို့မရခဲ့ဘူး။ ဒီတော့ သတင်းထောက်တွေကို သင်တန်းတွေပေးရတယ်။ အလုပ်ခန့်လိုက်တာနဲ့ အလုပ်ပါပြန်သင်ပေးရတယ်ဆိုတော့ စထုတ်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ အလုပ်သင်ရင်းနဲ့ ထုတ်ဝေခဲ့ရတယ်။

**မေး ။ ။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေရေးသားနေတဲ့ မီဒီယာအမြောက်အမြားရှိနေတဲ့ အချိန်အခါမှာ ဒေသတစ်ခုကို အခြေစိုက်ပြီး ဂျာနယ်ထုတ်ဝေဖို့ ရွေးချယ်ခဲ့တာက ဘယ်လိုကြောင့်ပါလဲ။**

ဖြေ ။ ။ ကျွန်မတို့ဂျာနယ်က တိုင်းရင်းသားတစ်ခုကို ကိုယ်စားပြုတဲ့ဂျာနယ်လို့ ပြောလို့မရဘူး။ ပြည်နယ်တစ်ခုကို ကိုယ်စားပြုတဲ့ဂျာနယ်လို့တော့ ပြောလို့ရတယ်။ ကျွန်မတို့က ကချင်ဂျာနယ်မဟုတ်ပါဘူး။ အစိုးရကသတ်မှတ်ထားတဲ့ ပြည်နယ်နာမည်ကိုသုံးပြီးတော့ ထုတ်ဝေခွင့်တင်ခဲ့တာပါ။ ဂျာနယ်ကိုလည်း ပြည်နယ်နာမည်ဖြစ်တဲ့ မြစ်ကြီးနားသတင်းဂျာနယ်လို့ ပေးထားတာပါ။ ဘာလို့ တိုင်းရင်းသားဘာသာစကား မထုတ်ရတာလဲဆိုတော့ ကျွန်မတို့ဒေသမှာ တိုင်းရင်းသားပဋိပက္ခတွေ အလွန်များပါတယ်။ ဗမာ၊ ရှမ်း နဲ့ ကချင်လူမျိုးတွေရှိတယ်။ ကချင်မှာကိုက မျိုးနွယ်ကွဲတွေ အများကြီးရှိတယ်။ တိုင်းရင်းသားဘာသာတစ်ခုနဲ့သာ ထုတ်ဝေလိုက်မယ်ဆိုကိုယ့်စာဖတ်ပရိသတ်ကို ကန့်သတ်လိုက်သလို ဖြစ်သွားနိုင်တယ်။ ပြည်နယ်ထဲမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေအစိုးရကို တင်ပြချင်တယ်၊ အစိုးရကို သိစေချင်တယ်ဆိုရင် လူအများဖတ်ရှုနားလည်နိုင်တဲ့ ဘာသာစကားနဲ့ထုတ်မှသာ ဒီပြည်နယ်အပေါ် လူထုအာရုံစိုက်မှုကို ရရှိနိုင်မယ်။

ရန်ကုန်လိုနေရာမှာက ဂျာနယ်တွေ၊ နေ့စဉ်ထုတ်သတင်းစာတွေ အများကြီးရှိတယ်။ ပြည်နယ်ဂျာနယ်ထုတ်ရတာက ပြည်နယ်အကြောင်းကို ဒေသခံတွေကပဲ ပိုသိနိုင်တယ်။ အရင်ကဆို ကချင်ပြည်နယ်မှာဖြစ်တဲ့ အကြောင်းအရာတွေဟာ ဖော်ပြခြင်းမခံရဘူး။ ကချင်ပြည်နယ်ရဲ့ လူနေမှုဘဝနဲ့ အခက်အခဲတွေကို ဖော်ပြနိုင်ဖို့အတွက် အမျိုးသမီးရေးရာကိစ္စမျိုးတွေလို၊ မူခင်းကအဆုံး ဘယ်ဂျာနယ်မှာမှမပါတဲ့ သတင်းတွေကို ကျွန်မတို့ဂျာနယ်မှာ ဖော်ပြတယ်။

**မေး ။ ။ ဟုတ်ကဲ့ ဒေသအခြေစိုက် ဂျာနယ်အပေါ်မှာ ဒေသခံတွေရဲ့သဘောထားနဲ့ ဘယ်လိုအခြေအနေမျိုးကြုံရသလဲဆိုတာ ပြောပြပေးနိုင်မလား။**

ဖြေ ။ ။ ကချင်ပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာ။ ပြည်နယ်အကြောင်း ဂျာနယ်ထုတ်နိုင်တဲ့အတွက် ဒေသခံတိုင်းရင်းသားတွေကို အမြင်ပွင့်စေတယ်။ Broadcasting Law ထွက်လာတဲ့အခါကျရင် ဒေသခံရေဒီယိုပါထုတ်နိုင်ဖို့ ကြိုးစားမယ်။ လုံးဝကို လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့နေရာတွေအတွက် ရေဒီယိုက ပိုပြီးအဆင်ပြေတယ်။

မြစ်ကြီးနားဆိုရင် ရန်ကုန်၊ မန္တလေးကနေပြီးတော့ တခြားဂျာနယ်တွေ အများကြီးရောက်တယ်။ ဒါပေမယ့် ကချင်ပြည်နယ်မှာအခုဆိုရင် ကျွန်မတို့ဂျာနယ်ကို တစ်အိမ်ကိုတစ်စောင်ဝယ်ကို ဝယ်ရမယ်ဆိုတဲ့အတွေးမျိုး ဒေသခံတွေမှာဖြစ်လာတယ်။ အရင်က နှစ်ပတ်တစ်ကြိမ်ထုတ်ဝေတယ်။ အခုဂျာနယ်ကို ၁၀ ရက်တစ်ကြိမ် ထုတ်ဝေတယ်။ရာသီဥတုမကောင်းလို့ ထုတ်ဝေတာနောက်ကျတဲ့အခါမျိုးဆို ပြည်သူတွေကဘာကြောင့် ဂျာနယ်အချိန်မီမထွက်လဲမေးပြီး ဂျာနယ်တိုက်ထိကို လာဝယ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားဂျာနယ်တွေမှာမပါတဲ့ ဒေသဆိုင်ရာသတင်းတွေက ဒီဂျာနယ်မှာပါတယ်။ တစ်လကို စုစုပေါင်းစောင်ရေ သုံးသောင်းလောက် ထုတ်ဝေရပါတယ်။

**မေး ။ ။ သတင်းရယူတဲ့ နေရာတွေမှာလက်ရှိ ဘယ်လိုအခြေအနေရှိလဲ။**

ဖြေ ။ ။ အခက်အခဲတွေကတော့ အရင်ကအများကြီးပဲ။ အခုနောက်ပိုင်းမှာတော့ အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာတွေက ဒီပြည်နယ်ကလူတွေကို ဒီဂျာနယ်မှာပြောမှပဲ ပိုသိလာနိုင်တယ်ဆိုပြီး နားလည်လာတယ်။ အချိန်ကြာလာတာနဲ့အမျှ ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ခဏခဏအင်တာဗျူး ဖြေပေးလာတယ်။ ဌာနဆိုင်ရာတွေကလည်း သတင်းတွေဖြေလာကြပါတယ်။ အဓိကစိန်ခေါ်မှုက ကချင်ပြည်နယ်ဟာ သဘာဝသယံဇာတတွေ အများကြီးရှိတယ်။ သတင်းထောက်လစာနည်းနည်းလေးနဲ့ သတင်းထောက်အလုပ်ကို ဘယ်သူမှ သိပ်မလုပ်ချင်ကြဘူး။ အလုပ်ထဲရောက်လာလို့ သင်တန်းတွေပေးပြီးမှ မိသားစုနောက်ခံက ချမ်းသာလို့၊ တောင့်တင်းလို့ ခဏပဲလုပ်ပြီး ပင်ပန်းမှုတွေ၊ အန္တရာယ်ကြုံရမှာတွေကို အကြောင်းပြပြီး ထွက်သွားကြတာများတယ်။



**ဦးရာဇာ (တာဝန်ခံ အယ်ဒီတာ၊ အမတ်ဒိန်ဂျာနယ်)**

**ဦးရာဇာ(တာဝန်ခံအယ်ဒီတာ၊ အမတ်ဒိန်ဂျာနယ်)**

**မေး ။ ။ တိုင်းရင်းသားဘာသာစကားနဲ့ ဂျာနယ်တစ်စောင်ထုတ်ဝေရတဲ့ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေကဘယ်လိုရှိလဲ။ အခက်အခဲတွေရှိလား။ ဘယ်လိုအပြောင်းအလဲတွေကို မျှော်လင့်ပါသလဲ။**

ဖြေ ။ ။ အခုအခက်အခဲက မွန်ဘာသာနဲ့ ထုတ်ဝေတဲ့ အတွက်ကြောင့် မွန်ဘာသာနဲ့ သတင်းရေးမယ့် သတင်းထောက်တွေ လိုအပ်တယ်။ မွန်ဘာသာနဲ့ ဆောင်းပါးရေးသားနိုင်တဲ့ ဆောင်းပါးရှင်တွေ လိုအပ်တယ်။ ဒါဟာ အခုလောလောဆယ်မှာရှိနေတဲ့ စိန်ခေါ်မှုတွေပါ။ နောက် တိုင်းရင်းသားဒေသတွေမှာ ပုံနှိပ်စက်ကောင်းကောင်းမရှိတဲ့အတွက်ကြောင့် ရန်ကုန်ကိုလာပြီး ပုံနှိပ်ထုတ်ဝေနေရတယ်။ အများဆုံးဖတ်ရှုတာက တကယ့်ကျေးလက်မှာရှိနေတဲ့ မွန်စာကိုဖတ်တတ်တဲ့ လူထုဖြစ်နေတော့ သူတို့ဆီရောက်ဖို့ လမ်းပန်းဆက်သွယ်ရေးကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ သံဖြူဇရပ်၊ ပေါင်၊ ဘားအံ (တောင်ပိုင်း)၊ ကော့ကရိတ်၊ တနင်္သာရီတိုင်း၊ ရန်ကုန် စတဲ့ မွန်လူမျိုးတွေ အများစုရှိတဲ့နေရာတွေကို ဖြန့်ချိတယ်။ တစ်လကို ပုံမှန်စောင်ရေ တစ်ထောင်ကနေ သုံးထောင်ကြားဖြန့်တယ်။

**မေး ။ ။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေရေးသားနေတဲ့ မီဒီယာအမြောက်အမြားရှိနေတဲ့အချိန်အခါမှာ မွန်ဘာသာနဲ့ ဂျာနယ်ထုတ်ဝေဖို့ ရွေးချယ်ခဲ့တာက ဘယ်လိုအကြောင်းရင်းတွေ ကြောင့်လဲ။**

ဖြေ ။ ။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းထားတဲ့ စာဖတ်ပရိသတ်က မွန်စာတတ်တဲ့ မွန်လူထုဖြစ်တယ်။ နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ အပြောင်းအလဲတွေကို သူတို့တစ်တွေအနေနဲ့ လက်လှမ်းမီနိုင်ဖို့ အလွန်ခက်ခဲတယ်။ နောက်တစ်ခုက မြန်မာစာဖတ်ဖို့လည်း သူတို့မှာ အခက်အခဲရှိတယ်။ ဒါကြောင့် သူတို့ရဲ့ဘာသာနဲ့ ပြန်ဖြန့်ချိဖို့ ရည်ရွယ်ထားတယ်။ အကျိုးအမြတ်ထက် လူထုကိုအသိပညာပေးချင်တယ်။ ကျွန်တော်တို့ ဂျာနယ်ထုတ်ခဲ့တာ အခုဆိုရင် ၁၀နှစ် သက်တမ်းရှိပြီ။ အရင်ကဆို ခွင့်ပြုချက်ရဖို့ ခက်ခဲတဲ့အခြေအနေမျိုးကနေ အခုဆိုရင် တစ်လတစ်အုပ် ပုံမှန်ထုတ်ဝေနိုင်တဲ့ အခြေအနေထိ ရှိလာပြီ။ ဒါက ဒီအပြောင်းအလဲမှာရရှိခဲ့တဲ့ အကျိုးကျေးဇူးပါ။

သတင်းမီဒီယာလွတ်လပ်ခွင့်မှာတော့ ထုတ်ဝေခဲ့တဲ့ ကာလတစ်လျှောက်မှာ သိပ်ပြီးကြီးမားတဲ့ ပြဿနာမရှိခဲ့ဘူး။ sensitive ဖြစ်တဲ့ဘက်အခြမ်းကို ရှောင်ပြီးရေးတယ်။ အဓိက က လူထုကို အကျိုးပြုနိုင်တဲ့ကိစ္စတွေကိုပဲ ဦးတည်ပြီးရေးတယ်၊ သတင်းလွတ်လပ်မှုကတော့ ဘာမှုခုချိန်ထိ ပြဿနာမရှိသေးဘူးပေါ့။

### ❖ ကျောဖုံးမှ

အထိဖြစ်လာကာ ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ၄ ဒသမ ၂ သန်းကျော် ဝင်ရောက်မှုရှိလာသဖြင့် ဌာန၏ရည်မှန်းချက်ဖြစ်သော ၄ ဒသမ ၅ သန်းကို ကျော်လွန်သွားနိုင်မည်ဖြစ်ပြီး ဝင်ငွေအားဖြင့်လည်း ၂၀၁၅ ခုနှစ်တွင် နှစ်ဘီလီယံနီးပါးအထိ ရရှိလာနိုင်ကြောင်း ခန့်မှန်းထားသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်း ဟိုတယ်အလုံးရေ ၄၇ လုံးအထိရှိလာကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂ ဒသမ ၆ ဘီလီယံအထိ ဖြစ်လာပြီး စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ဆက်လက်ပြောကြားသည်။

"နိုင်ငံတကာ အသိအမှတ်ပြုမှုအနေနဲ့ကLonely planet magazineမှာ မြန်မာနိုင်ငံကို Best Tourists Destination AEC Country ဆိုပြီး အသိအမှတ်ပြုထားပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံထုတ် TTG Magazine ကလည်း ၂၀၁၅ ခုနှစ်အတွက် Destination of the Year Award အနေနဲ့ မြန်မာနိုင်ငံကို ရွေးချယ်ခြင်းခံထားရပါတယ်။ ဒီလိုခရီးသွားလုပ်ငန်းတွေ အဘက်ဘက်က တိုးတက်လာတဲ့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီး ဒီလုပ်ငန်းတွေ တိုးတက်ကောင်းမွန်အောင် ခရီးသွားလာရေးဆိုင်ရာဥပဒေကို နိုင်ငံတကာပညာရှင်တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ရေးဆွဲနေတာ အခုဆို လွှတ်တော်ကိုတင်ပြထားတဲ့အဆင့် ရောက်ရှိနေပါပြီ။ ဒီဥပဒေအသက်ဝင်လာရင် ဗဟိုချုပ်ကိုင်မှုတွေ လျော့ကျလာပြီး ဖြေလျှော့မှုတွေ ပိုမိုလုပ်လာနိုင်တော့မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရတွေအနေနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ ပိုမိုလွယ်ကူ အဆင်ပြေလာတော့မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

နိုင်ငံတကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဟိုတယ် အလုံးရေများကိုလည်း တိုးတက်များပြားစွာ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၁ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဟိုတယ်အလုံးပေါင်း ၈၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင်အလုံးပေါင်း ၁၂၅၇ လုံးအထိရှိလာပြီး အခန်းပေါင်း ၄၃၀၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ မန္တလေးမြို့၌လည်း လက်ရှိတွင် ဟိုတယ်အလုံးပေါင်း ၁၆၇ လုံးနှင့် အခန်းပေါင်း ၆၇၃၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ကာ Tour Company အနေဖြင့်လည်းယခင်က ၁၀၀၀ ပင် မပြည့်ခဲ့သော်လည်း ယခုအခါ ၂၀၀၀ နီးပါးအထိရှိလာကြောင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ Master Plan တွင် ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ဧည့်သည်ဝင်ရောက်မှုကို ၇ ဒသမ ၅ သန်းအထိ ခန့်မှန်းထားသော်လည်း လက်ရှိဝင်ရောက်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှုများအရ ခန့်မှန်းထားသည်ထက် ပိုမိုစောပြီး ရည်မှန်းချက်ပြည့်မီလာနိုင်ကြောင်း သိရသည်။



မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများကို တွေ့ရစဉ်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) (၂၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၄-၁၃၇၅ ခု ပညာသင်နှစ်တွင် သာသနတက္ကသီလ ဓမ္မပါရဂူ(Ph.D)ဘွဲ့နှစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A)ဘွဲ့ ၂၃ ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယ(B.A)ဘွဲ့ ၉၉ ပါးရရှိတော်မူသော သံဃာတော်အရှင်သူမြတ် ၁၂၄ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့်(၂၁)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ်နတ်တော်လပြည့်နေ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသိမ်ဓမ္မာရုံသို့ ဒီဇင်ဘာ ၂၄ ရက်နေ့အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက နိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရား တစ်ဆူအပါအဝင်ပင့်သံဃာတော် ၁၃၇ ပါး၊ ဘွဲ့ခံသံဃာတော် ၁၂၄ ပါး စုစုပေါင်း ၂၆၂ ပါးတို့ကိုဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်း လောင်းလှူလိုသောဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တစ်ဦးချင်း ပုဂ္ဂလိက အလှူရှင်များအနေဖြင့်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ ဖုန်း- ၀၁-၂၃၀၁၉၇၉၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း- ၄၀၀၀၄၀၃၃၄၊ ၀၉-၂၆၃၃၄၄၀၉၊ ၀၁-၆၆၄၃၉၅ တို့ကိုဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သမဝါယမတန်ဆောင်း(အောက်ထပ်)ကမ္ဘာအေးကုန်းမြေသို့ ၂၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ဒီဇင်ဘာ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့်တပည့်သားသမီးများက ဇီဝိတ ဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူစဉ်။** (သတင်းစဉ်)



# ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းဈေးနှုန်း ကျဆင်းခြင်းကြောင့် ဝယ်ယူရာတွင် အဆင်ပြေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသော ပြပွဲတွင် ကျောက်မျက်ရိုင်းများ ကျောက်စိမ်းအသားကျောက်များကို ဝယ်ယူသူ ပြည်တွင်းကျောက်မျက်ကုန်သည် လက်မှုပညာရှင်များ ကျောက်မျက်ဈေးနှုန်း ကျဆင်းမှုကြောင့် ဝယ်ယူရာတွင် အဆင်ပြေကြကြောင်း သိရသည်။

"ဒီနေ့အထိ ကျွန်တော် ကျောက်တွဲ ၁၀ တွဲဝယ်ပြီးပြီ။ ကျောက်ဈေးကဈေးကွက်မှာ ဈေးကျနေပြီး ကြမ်းခင်းဈေးက ဈေးချို/ ဈေးသင့်တာကြောင့် ဝယ်ရတာ အဆင်ပြေပါတယ်"ဟု မန္တလေးမြို့မှ ကျောက်မျက်ဝယ်ယူသူ တစ်ဦးက ပြောသည်။

"အကျိုးတူကုမ္ပဏီတွေနဲ့ပေါင်းပြီး ကျောက်တွဲလေးတွဲ၊ ကိုယ့်ကုမ္ပဏီက ကျောက်တွဲ ၁၀ တွဲ အားလုံး ၁၄ တွဲ အားလုံးရောင်းရတယ်။ ဈေးကတော့ ကြမ်းခင်းဈေးထက် ပိုရပေမယ့် အခြေအနေက အကောင်းကြီးမဟုတ်သလို အဆိုးကြီးလည်း မဟုတ်ပါဘူး" ဟု ကျောက်မျက်ကုမ္ပဏီတစ်ခုမှ မန်နေဂျာဖြစ်သူ ကိုဖြိုးဝေနိုင်က ပြောသည်။

ကျောက်တွဲဝယ်ယူသူ ကုန်သည်များသည် ကျောက်လိုင်းများဖြစ်သော ပုတီးလက်ကောက်အရည် စသည်ဖြင့် ရွေးချယ်ဝယ်ယူမှု ကွဲပြားသဖြင့် ဝယ်ယူမှုတန်ဖိုးလည်းကွဲပြားလျက်ရှိသည်။ ထူးခြားသည်မှာ ကျောက်တွဲ ၈၂၂တွဲ အလေးချိန်ကီလို ၁၂၀၀ ကျော်ခန့်ရှိ သောကျောက်နှစ်ခြမ်းသည် ကြမ်းခင်းဈေး ၁၃ သိန်းသာရှိသော်လည်း ရောင်းချရသည့်ဈေးနှုန်းမှာ ငွေကျပ်သိန်း ၃၈၀၀ ရရှိခဲ့သည်။

ယခုပြုလုပ်သော ပြပွဲသည် ပြည်တွင်းကျောက်မျက်အချောထည် ပြုလုပ်သည့် အရင်းအနှီးနည်းသော လုပ်ငန်းရှင်များအတွက် ကျောက်မျက်ဝယ်ယူရာတွင် အဆင်ပြေသည့် ကျောက်မျက်ပွဲဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီမှ ကြီးမှူးကျင်းပသည့် (၅၂) ကြိမ်မြောက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် ၁၇၅၁ မှ ၃၅၀၀ အထိ ရောင်းချခဲ့ရသည့် အတွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့သည်။ အလားတူ ပြည်တွင်းရတနာကုန်သည်များသည် ကျောက်စိမ်းခန်းမ ပရိဝုဏ်အတွင်း ဆက်လက်ရောင်းချမည့် နေရာအလိုက်ခင်းကျင်းပြသထားသော ကျောက်စိမ်းတွဲများကို လိုက်လံကြည့်ရှုလေ့လာကြကာ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲနံပါတ်များကို မှတ်သားခြင်း၊ ကျောက်စိမ်းအရည်အသွေးစစ်ဆေးခြင်းများကို ပြုလုပ်ကြပြီး ဝယ်ယူမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းအဆိုပြုကြသည်။

ယနေ့တွင် ကျောက်စိမ်းတွဲအမှတ် ၃၅၀၁မှ ၅၂၅၀ အထိ ၁၇၅၀ အတွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြပွဲကာလတစ်လျှောက်တွင် ကျောက်စိမ်းအတွဲပေါင်း ၆၈၂၆ တွဲကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကွန်ပျူတာမိုဘိုင်းအခြေခံသင်တန်းဖွင့်

**မြောင်းမြ ဒီဇင်ဘာ ၁၁**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော လက်သမား၊ ပန်းရန်သင်တန်း ၂/၂၀၁၅ နှင့် ကွန်ပျူတာမိုဘိုင်းသင်တန်း ၁/၂၀၁၅ အခြေခံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းများတွင် အိမ်မဲမြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၄၀ နှင့် ဝါးခယ်မမြို့နယ်မှ သင်တန်းသူ ၁၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

# ဒီဇင်ဘာ ၁၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၀၀၀၀ | အသစ် |
| ၃။ | ဇီရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်၊ ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၁၅ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၂၄၀၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀ မှ ၂၈၅၀ | ရှယ်၊ လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၅၀၀ | ထူး၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၃၀ မှ ၇၀၀ | A1,OK,S1,S2 |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၅၀၀ | |
| ၁၄။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၅၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ | အချဉ် |
| ၁၇။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးငွေကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်လည်ပတ်လေ့လာကြည့်ရှုဝင်ရောက်ကြသည့် နိုင်ငံခြားသားများကို ဇုန်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ နှုန်းဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကောက်ခံလျက်ရှိသည့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ အစား မြန်မာကျပ်ငွေ ၂၅၀၀၀ိ/-(ကျပ်နှစ်သောင်းငါးထောင်) နှုန်းဖြင့် **၂၀၁၆ ခုနှစ် ဇန်နဝါရီ (၁)ရက်နေ့မှစ၍** ပြောင်းလဲပြီး ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောက်စိမ်းတုံးမျိုးစုံ ကီလို ၁၈၀ သိမ်းဆည်းရမိ

**နောင်ချို ဒီဇင်ဘာ ၁၁**

နောင်ချိုမြို့အရှေ့ဘက် တိုးဂိတ်အနီးတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ရွေ့လျားလုပ်ရှားအဖွဲ့(၁) ဦးသိန်းဝင်း(ညွှန်/မှူး) ဦးစီးသော ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က မန္တလေးဘက်မှမူဆယ်ဘက်သို့ မောင်းနှင်လာသော ယာဉ်ငယ်အမှတ် 5G/------ကို စစ်ဆေးရန် နောက်ဖုံးဖွင့်နေစဉ် ယာဉ်မှာ ထွက်ပြေးမောင်းနှင်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့မှ ယာဉ်နောက်ဘီးကို သေနတ်ဖြင့် လေးချက်ပစ်ခတ်ခဲ့ရာ ဘီးပေါက်သွားသဖြင့် ဂုတ်တွင်းတောလမ်း တစ်နေရာတွင် တာယာကိုလဲလှယ်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထွက်ပြေးသွားသောယာဉ်ပေါ်မှ ကျောက်စိမ်းတုံးအရွယ်မျိုးစုံ ကီလို ၁၈၀ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကျောက်စိမ်းများ သယ်ဆောင်လာသူ ယာဉ်မောင်းစိုင်းကျော်ထွေး (၃၂ နှစ်)နှင့် စိုင်းလှိုင်းပန်း (၃၃ နှစ်) စျေးရပ်ကွက် မူဆယ်မြို့နေထိုင်သူနှစ်ဦးကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# တားမြစ်ဓာတုပစ္စည်းပါ ဆေးဝါး၊ အလှကုန်နှင့် စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**မော်လမြိုင် ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ပေါင်မြို့နယ်၊ ဘီးလင်းမြို့နယ်များရှိ စျေးဆိုင်များမှ သိမ်းဆည်းရမိသည့် တားမြစ်ဓာတုဆေးများပါဝင်သော အလှကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးပုံစံဖြင့်ထုပ်ထားသော အနောက်တိုင်းဆေး(စပ်ဆေး)များ၊ စားသုံးရန်မသင့်သော အစားအသောက်များ၊ သက်တမ်းလွန်ဆေးဝါးများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှပူးပေါင်း၍ ကျိုက်မရောမြို့နယ်ရှိ ပိန္နဲကုန်းသုသာန်၌ ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မီးရှို့ဖျက်ဆီးရာတွင် တားမြစ်ဓာတုပစ္စည်းများဖြစ်သည့် အလှကုန်ပစ္စည်းကိုးမျိုး၊ သက်တမ်းလွန်ဆေးဝါး ၅၉ မျိုး၊ တိုင်းရင်းဆေးထုပ်ပုံစံ ၁၀ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇ သိန်းကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဆိုင်ခန်း ၁၂၄ ခန်းမှ ဆိုင်ပိုင်ရှင် ၁၂၄ ဦးကို ပထမအကြိမ် ပြည်သူ့ကျန်းမာရေးဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားစားသောက်ကုန် ဥပဒေတို့အရ ပထမအကြိမ်အဖြစ် ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းပြီး နောက်တစ်ကြိမ် ထပ်မံစစ်ဆေးတွေ့ရှိပါက ဆိုင်ပိုင်ရှင်များကို ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာစိုးနိုင်က ပြောကြားသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မင်းရပ် ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ကျောက်ဆည် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် အမှတ်-၂၂ လမ်း၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၃ နာရီကျော်ခန့်က ငုံးမွေးမြူရေးခြံမှ စတင်မီးလောင်ကျွမ်းကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်-၂၂လမ်းရှိ ဦးခင်မောင်ထွေးပိုင် နေအိမ်ငုံးခြံတွင် အပူပေးထားသော လျှပ်စစ်မီးမှပိုင်ယာရှော့ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားကာ အနီးရှိ ဦးခင်မောင်မြင့် နေအိမ် ၂၄ ပေပတ်လည် လေးပင်သုံးခန်း ထရံကာသွပ်မိုးကြမ်းခင်းနှစ်ထပ်နှင့် ဒေါ်လွဲလွဲဝင်း နေအိမ် ၁၈ ပေ ပတ်လည် လေးပင်သုံးခန်း ထရံကာသွပ်မိုး ကြမ်းခင်းနှစ်ထပ်တို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုဖြစ်ပွားရာတွင် မန္တလေး၊ ကျောက်ဆည်၊ ကူမဲ၊ မြစ်သား၊ စဉ့်ကိုင်နှင့်ဟံမြင့်မိုရ်တို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်**

# ကျဉ်စက်ဖြင့် ရှော့တိုက်ငါးဖမ်းစဉ် ရေနစ်သေဆုံး

**ငဖဲ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် သာယာကုန်းကျေးရွာနေ ဦးခင်မောင်ဝင်း (၄၈ နှစ်)သည် သာယာကုန်းရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ မန်းချောင်းအတွင်း ဒီဇင်ဘာ ၉ ရက် ညနေ ၄ နာရီခွဲက ရေနစ်သေဆုံးကြောင်း ပဒါန်းရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဦးခင်မောင်ဝင်းသည် ရေအနက်သုံးပေခန့်၊ ရေပြင်အကျယ်ပေ ၂၀ ခန့်ရှိသော မန်းချောင်းအတွင်း တစ်ဦးတည်း ကျဉ်စက်ဖြင့် ငါးဖမ်းနေစဉ် ရေထဲသို့လဲကျကာ ရှော့ဖြစ်၍ ဓာတ်လိုက်ပြီး ရေနစ်သေဆုံးနေသဖြင့် ဓမ္မတာအတိုင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် ငဖဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**


၂၀၁၆ – ခုနှစ် အငြမတန်းစာမေးပွဲကြီးဖြေရတော့မယ်

အောင်ပွဲဝင်ရန် လေ့လာထားရမည့်

မေးခွန်းပုံစံ နှင့် အမေးပုံစံများ သိထားဖို့

၂၀၁၅ – ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇) ခုတွင် မေးခဲ့သည့်

လက်ဆောင်သစ်

Reg. 3616/2010

မေးခွန်း (၁၇)စုံ ဘာသာစုံ မေးခွန်းပေါင်းချုပ်

ထွက်နေပြီ

အမေးကို အမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေတတ်ဖို့

ကျောင်းသားအများဆောင်

ရွှေလက်ဆောင်


Reg. 3123/2003

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ

မေးခွန်း (၁၇)စုံနှင့် စံပြအဖြေများ

တစ်ဘာသာ တစ်အုပ်ချင်း


# WY ဆေးပြားများ ဆက်တိုက်ဖမ်းမိ



**မော်လမြိုင် ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါး ဝယ်/ရောင်း၊ သုံးစွဲသူများအား ထိရောက်စွာ ဖမ်းဆီးအရေးယူရေးစီမံချက်ကို ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးဦးစီး(၁) တာဝန်ခံရဲအုပ်ကျော်မင်းထွန်းနှင့်အဖွဲ့သည် နိုဝင်ဘာလစတုတ္ထပတ်မှ ဒီဇင်ဘာ ၈ ရက်ထိ ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ရာ မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် သဇင်လမ်းမပေါ်တွင် ကိုဦး(ခ)ဆောင်းကိုကိုဦး (၂၂ နှစ်)ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၁၄ ပြား တန်ဖိုးငွေကျပ် ၂၀၇၀၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ ကိုဦး(ခ)ဆောင်းကိုကိုဦးအား ဇေယျာသီရိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(အပေါ်ပုံ)**

အလားတူ အဆိုပါအဖွဲ့သည် မော်လမြိုင်မြို့နယ် ဂွေးကုန်းရွာအလယ်ပိုင်း လမ်းမပေါ်တွင် ၅ယ/----- မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်နေ ဇေယျာမျိုး(ခ) ငဇေ(၃၀ နှစ်)အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၃၁၇ တန်ဖိုးငွေကျပ် ၆၅၈၅၀၀၀ ဖမ်းဆီးရမိသည်။ ဆက်လက်၍ ပြစ်မှုကျူးလွန်သူများအား မော်လမြိုင် မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိ

**အောင်လံ ဒီဇင်ဘာ ၁၁**

အောင်လံမြို့နယ် ပြလို့-မြင့်ကျေးရွာလမ်းခွဲ၌ တရားမဝင်ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသော ထွန်စက်နှစ်စီးအား ဒီဇင်ဘာ ၁၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြလို့-မြင့်ကျေးရွာလမ်းခွဲ၌ မျိုးအောင်(၂၄နှစ်)၊ အင်တောသာကျေးရွာ အောင်လံမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှသစ်အဝယ်တော် သန်းနိုင် (၄၅နှစ်) ပြလို့ကျေးရွာ အောင်လံမြို့နယ်နေသူ လိုက်ပါလာသော နံပါတ်မပါ ထွန်စက်နှင့် ညွှန့်ဝင်း (၄၂နှစ်) အင်တောသာကျေးရွာ အောင်လံမြို့နယ် နေသူမောင်းနှင်ပြီး ချစ်ဖက် (၄၀နှစ်) သရက်စမ်းကျေးရွာ အောင်လံမြို့နယ်နေသူလိုက်ပါလာသော နံပါတ်မပါ အနီရောင်ထွန်စက်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာတွင် တရားမဝင်ကျွန်းသစ် စုစုပေါင်း ၂ ဒသမ ၇၈၇ တန်အား တရားမဝင်သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ မျိုးအောင်ပါလေးဦးအား အောင်လံမြို့နယ် ဒုရင်ဗိုလ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ထီးချိုင့်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေ

**ထီးချိုင့် ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ရာ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၀ ရက်က မောင်းကုန်းရွာအနီး မန္တလေး-ဗန်းမော်ကားလမ်းမိုင်တိုင်အမှတ် ၁၀၂ နှင့် ၁၀၃ ကြား မင်းဇော်ဦး မောင်းနှင်ပြီး နောက်မှ ကိုမျိုးလိုက်ပါလာသော ဆိုင်ကယ်နှင့် ပြည့်စုံအောင် မောင်းနှင်လာသော5J/------ ၁၀ ဘီးကားတို့ မျက်နှာချင်းဆိုင်တိုက်မိရာ ကိုမျိုးမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ပြည့်စုံအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ပြည့်စုံအောင်အား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ATM ကတ်အတုဖြင့် ငွေခိုးထုတ်ယူသူ နိုင်ငံခြားသားတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ကမ္ဘောဇဘဏ် ATM စက်မှ ငွေခိုးထုတ်ခဲ့သူ နိုင်ငံခြားသားတစ်ဦးအား ဒီဇင်ဘာ ၁၀ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကမ္ဘောဇဘဏ် ATM ကတ်ဌာန လက်ထောက်မန်နေဂျာ ဦးအောင်ပြည့်ဖော်သည် နိုဝင်ဘာ ၁၀ ရက်က ကမာရွတ်မြို့နယ် (၈) ရပ်ကွက် လှည်းတန်းစိန်ဂေဟာ ရှေ့၌ထားရှိသည့် ATM စက်နှင့် လှည်းတန်းစင်တာ၌ထားရှိသည့် ATM စက်တို့တွင် T.K.MAXX ကတ်တစ်ခုစီကို မသင်္ကာ ဖွယ်တွေ့ရှိရသဖြင့် ယင်းကတ်နှစ်ခုကို IT ဌာန၌ စစ်ဆေးရာ ဗီဇာကတ် data များတွေ့ရပြီး နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီ ၁၄ မိနစ်က လှည်းတန်းစင်တာရှိ ATM စက်နှင့် ညနေ ၃ နာရီ ၄၅ မိနစ်တို့တွင် စိန်ဂေဟာရှေ့ရှိ ATM စက်တို့မှ ငွေ ၁၈ သိန်းကို ဘူဂေးရီးယားနိုင်ငံသား တစ်ဦးက Visa Card အတု၊ Mastro Card အတုနှင့် MASTER ကတ် အတုတို့ဖြင့် ခိုးယူသွားကြောင်းသိရသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ လေဆိပ်အဝင်၊ အထွက်များ စောင့်ကြည့်ခြင်း၊ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများသို့ လိုက်လံစုံစမ်းခြင်း များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် နံနက် ၂ နာရီခွဲက ကျောက်တံတား မြို့နယ်ရှိ City Star ဟိုတယ်၌ ဘူဂေးရီးယားနိုင်ငံသားတစ်ဦး တည်းခို နေကြောင်းသိရသဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာမှ ပြစ်မှုကျူးလွန်သူ ဘူဂေးရီးယားနိုင်ငံသား Mr.MILEN ATANASOV(TASEV) (၃၆ နှစ်) အား hp အမျိုးအစား လက်ပ်တော့ကွန်ပျူတာတစ်လုံး၊ စမတ်ကတ်မျိုးစုံ ၃၀၈ ကတ်၊ ၄-၁၂-၂၀၁၅ ရက်စွဲပါ MANDALAY MINI(2) AGD BANK ၏ ATM စက်မှ ဖြတ်ပိုင်းတစ်ရွက်၊ ၁၀-၁၂-၂၀၁၅ ရက်စွဲပါ BOTAHTAUNG BRANCH KBZ BANK ၏ ATM စက်မှ ဖြတ်ပိုင်းတစ်ရွက်၊ MSA X 6 စာတန်းပါ ကွန်ပျူတာနှင့် ချိတ်ဆက်၍ ကတ်စစ်သည့် ကိရိယာတစ်ခုနှင့် ကြိုးတစ်ချောင်း၊ SAMSUNG GALAXY A5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ENGLAND POUNDS ၂၀ တန် ၁၅ ရွက်နှင့် မြန်မာငွေကျပ် ၄၉၃၄၀၀၀၀ တို့နှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဘူဂေးရီးယားနိုင်ငံသားအား ဖော်ထုတ်စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၃ ရက်က တရုတ်လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ကျောက်တံတားမြို့နယ်ရှိ City Star Hotel ၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ကမာရွတ်မြို့နယ် လှည်းတန်းစင်တာရှိ ATM ငွေထုတ်စက်မှ ကတ်အတုဖြင့် ငွေထုတ်ယူရာ မရရှိဘဲ ကတ်အတုမှာ ငွေထုတ် စက်အတွင်းကျန်နေခဲ့ကြောင်း၊ ယင်းနေ့ ၃ နာရီ ၄၅ မိနစ်တွင် လှည်းတန်းစိန်ဂေဟာရှေ့ရှိ ATM ငွေထုတ်စက်မှ ATM ကတ်အတုဖြင့် ခုနစ်ကြိမ်ခွဲ၍ ငွေများထုတ်ယူခဲ့ရာ စုစုပေါင်းငွေကျပ် ၁၈ သိန်းထုတ်ယူရရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၁၄ ရက်က မန္တလေးမြို့သို့သွား ရောက်ခဲ့ပြီး မြို့ပေါ်ရှိ ATM ငွေထုတ်စက်များမှ ငွေများကိုလည်း ကတ်အတု များဖြင့် ထုတ်ယူ၍ ရန်ကုန်သို့ပြန်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ ဘူဂေးရီးယားနိုင်ငံသားအား အခြားအမှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဆက်လက်ဖော် ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

### ကြေညာချက်

ရက်စွဲ။ ၂၀၁၅ -ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်။

၂၀၁၆- ခုနှစ်၊ မတ်လတွင်ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၁၆- ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၉-၃-၂၀၁၆ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | မြန်မာစာ |
| ၁၀-၃-၂၀၁၆ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | အင်္ဂလိပ်စာ |
| ၁၁-၃-၂၀၁၆ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သင်္ချာ |
| ၁၂-၃-၂၀၁၆ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | စိတ်ကြိုက်မြန်မာစာ |
| ၁၄-၃-၂၀၁၆ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ဓာတုဗေဒ |
| ၁၅-၃-၂၀၁၆ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ရူပဗေဒ |
| ၁၆-၃-၂၀၁၆ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ဇီဝဗေဒ / ဘောဂဗေဒ |
| ၁၇-၃-၂၀၁၆ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ပထဝီဝင် |
| ၁၈-၃-၂၀၁၆ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သမိုင်း |


**ပြည့်ကျော် စာသင်ဝိုင်း** ၁၀ဦးဝိုင်း
တတ်အောင်သင်ပေးသောဆရာများနှင့် သီးသီးသန့်သန့် သင်ချင်သော ကျောင်းသားများအတွက်
၂၀၁၆- ၂၀၁၇ စာသင်နှစ်အတွက် ၉တန်း ၁၀တန်း ကျောင်းသားသစ်လက်ခံပြီ
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၇၄၆၆၈၈၊ ၀၉ ၇၉၄၄၂၄၅၁၁

**အများသိစေရန်ကြေငြာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၃) ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၅၆၅)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်မင်း (၁၁ /တကန (နိုင်) ၀၅၉၂၃၀ ) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်လင်းသီရိ ( ၁၂/ ဥကမ(နိုင်) ၁၈၁၃၀၇ ) ကိုင်ဆောင်သူက (၈-၁၂-၂၀၁၅) နေ့စွဲပါနှစ်ဦး သဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ကျူးကျော် နေထိုင်ခြင်းတို့ ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း LL.B. D.B.L.,D.I.L, D.M.L,WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၅၅၀ ၄၂၆၅

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၄၊ မြေကွက်အမှတ် ၂၆၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်ညွှန့်ညွှန့်စိန် ၁၂/ သဃက(နိုင်)၀၁၆၃၂၅ အမည်ပေါက် ပါမစ်မြေအား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသူ ဦးအောင်ကျော်စိုး ၁၂/တမန(နိုင်)၀၀၈၉၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၈-၁၂-၂၀၁၅ရက်တွင် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၆၃၁၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဦးအတွတ်(ခ)ဦး စောအောင် ၁၂/သဃက(နိုင်)၀၃၄၀၅၄ အမည်ပေါက်ပါမစ်မြေအား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသူ ဒေါ်ရှုပါစိုး ၁၂/ပဇတ(နိုင်)၀၁၃၂၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် (LL.B), D.L.P, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း (၁၆/ဘီ)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

**ပျောက်ဆုံးကြောင်း**
အီလွတ်(ဘ)ဦးကျိုင်းဖုံး ၁၃/တခလ(နိုင်)၀၄၈၆၄၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၂၂၈၁၈၅

**အမည်ဖြည့်စွက်ခေါ်ပါရန်**
ဦးမိုးအေး၏သမီး မိုးညှင်းမြို့နမီးစု အမက ပထမတန်းမှ မမိုမို လွင်အား မမိုမိုလွင်(ခ)မစုစန္ဒီထွန်း ဟု ဖြည့်စွက်ခေါ်ပါရန်။

**မြေကွက်ဝယ်လိုသည်**
ပဲခူးမြစ်ကြောင်း တစ်လျှောက် ကုလားဝဲတံတားမှ ဒဂုံဆိပ်ကမ်း သဘော်ကျင်းထိ မြစ်ကမ်းဘေး မြေကွက်များ ဝယ်ယူလိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ပွဲစားမလို
ဆက်သွယ်ရန်ဖုန်း-၀၉-၈၅၉၁၈၈၃

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် အ/၁၅၈၇၊ Nissan Diesel CD 46V ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆန် ၁/မမန(နိုင်)၀၁၀၇၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကနည၊ ခရိုင်ရုံး(ဗန်းမော်)
ဗန်းမော်မြို့

**မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးခြင်း**
ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၄၀)နေ ဒေါက်တာဦးစံလှိုင်(မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး-ငြိမ်း)-ဒေါ်မေမေဝင်းတို့၏ သားထွေး
**ဒေါက်တာအောင်စိုးပိုင် M.B.,B.S(Ygn)**
**လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့**
နှင့်
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ဒုဝန်ကြီးအိမ်ရာသစ်၊ ခြံအမှတ်(၁)နေ
ဦးသာဌေး (ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး)-ဒေါ်နုနုဌေး (ကျောင်းဆရာမ-ငြိမ်း)တို့၏သမီးကြီး
**မသန့်ရတနာ**
**M.B.A(Y.I.E),B.A(E.P.P),Dip in Business Law**
**Client Relationship Manager**
**FINE9 International Investor Consultancy Service Co.,Ltd.**
တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ Taw Win Garden Hotel ဧလပ်ဖြူခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးဝင်းဆွေ၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအောင်စိုးပိုင်-မသန့်ရတနာ**

**ရောင်းမည်**
တာမွေ Orange အနီး 15x60 ပြင်ဆင်ပြီး ထောင့်ခန်း လမ်းမတန်း 6 F ကျပ်သိန်း ၄၃၀
ဖုန်း-၀၉-၉၇၂၅၈၃၆၁၈

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် CC/7793 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဥတုရာသီ တောကိုမီ**

# ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် ဆောက်လုပ်ဆဲတံတားကြီးများ တန်ပိုယာဉ်ကြီးများကြောင့် ပျက်စီးမှုများမဖြစ်ပေါ်စေရေး ရှောင်ကွင်းလမ်းများပေးထားရ

**မိုးညှင်း ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အသစ်တည်ဆောက်ပြုပြင်လျက်ရှိသော ပေ ၁၀၀ နှင့်အထက် တံတားကြီးများနှင့် တံတားငယ်များဘေးတွင် ပြုလုပ်ပေးထားသော ရှောင်ကွင်းလမ်းများပေါ်မှ ယာယီတံတားများမှာ ခိုင်ခန့်မှုအားနည်းသဖြင့် ဘက်ဟိုးယန္တရားများနှင့် တန်ပိုယာဉ်ကြီးများအတွက် နေ့စဉ် ဖြတ်သန်းသွားလာရာတွင် အခက်အခဲကြုံတွေ့နေကြရကြောင်း ယာဉ်မောင်းသူအချို့ထံမှ သိရသည်။

ရွှေကဆုန်ယန္တရားစက်ကြီး အငှားသယ်ယူပို့ဆောင်ရေး ကုမ္ပဏီမှ ယာဉ်မောင်းတစ်ဦးက "ဒီဇင်ဘာ ၇ ရက်နေ့ကနေ ၈ ရက်နေ့အထိ နှစ်ရက်ကြာအောင် ဒီဗွက်ထဲမှာ ကျွန်တော်တို့ဘက်ဟိုးကို ရပ်ထားရပါတယ်။ ရှေ့ဆက်မောင်းလို့လည်း မရတော့ဘူး။ လမ်းကိုပြင်ရအောင်လည်း လွယ်လွယ်နဲ့မရနိုင်ပြန်ဘူး။ ဘက်ဟိုးချိန်းကြိုးတွေက ဗွက်တွေဖုံးသွားပြီး ချောင်းရေကလည်း များနေသလို လမ်းနယ်မြေဧရိယာနဲ့ မလွတ်တော့ ဘာဆက်လုပ်ရမှန်းမသိလို့ ဒီအတိုင်းထားထားရတာပါ" ဟု ပြောသည်။



ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာသဖြင့် ကမ္ဘာကျော်ကျောက်စိမ်းရတနာများထွက်ရှိရာ ဖားကန့်၊ ဆိုင်းတောင်ဒေသများတွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများက အပြိုင်အဆိုင် လုပ်ကိုင်လာကြပြီး တန်ပိုမြေစာသယ် ကုန်တင်ကားကြီးများ၊ ဘက်ဟိုးစက်ယန္တရားကြီးများ သုံးစွဲမှုပိုမို များပြားလာကြောင်း သိရသည်။

မိုးညှင်းမြို့နှင့် ဘီလူးမြို့ကြားရှိ ကားလမ်းပိုင်းမှ တံတားဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက "ကျွန်တော်တို့ ကွင်းလမ်းလုပ်ပေးထားပါတယ်။ အခုဟာက ကွင်းလမ်းပေါ်က ယာယီတံတားက တန်ပိုယာဉ်ကြီးတွေ ဘက်ဟိုးယာဉ်တွေဖြတ်မရလို့ နောက်ထပ် ကွင်းလမ်းအနေနဲ့ ချောင်းထဲက ဖြတ်ရတာပါ။ လမ်းနယ်မြေကကျဉ်းပြီး ချောင်းရေကများနေသလို နေ့စဉ်ဖြတ်သန်းသွားလာနေကြတဲ့ တန်ပိုမြေစာသယ် ကားကြီးတွေ၊ ဘက်ဟိုးယာဉ်တွေက အဆမတန်များနေတော့ လမ်းကပြင်မရတဲ့အပြင် တဖြည်းဖြည်းဆိုးလာပါတယ်။ အခုယာယီတံတားက ၁၀ ဘီးကားတွေဖြတ်တာတောင်မှ လွန်လှပြီ။ တန်ပိုယာဉ်တွေ မဖြတ်ရပါဘူး။ ကြာရင် ကားလမ်းမကြီးပါ တဖြည်းဖြည်းနဲ့ ပျက်စီးလာနိုင်သလို ခရီးသွားပြည်သူ အများစုနဲ့ အတက်အဆင်း ကုန်တင်ယာဉ်တွေအတွက် အခက်အခဲဖြစ်လာနိုင်ပါတယ်"ဟု ပြောသည်။

ဘက်ဟိုးနှင့် မြေစာသယ်ယာဉ်ကြီးများကို သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်ကင်းရှင်းစွာ သယ်ယူနိုင်ရန်အတွက် စနစ်တကျစီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ်နည်းပါးရန် စွန့်ပစ်မြေစာများကိုလည်း စနစ်တကျစွန့်ပစ်ရန်လိုအပ်ကြောင်း ဖားကန့်-ကသာ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကလည်း အကြံပြုပြောကြားသည်။

**နီတိုး**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် သမိုင်းဝင် မြသိန်းရုံစေတီတော်ကြီး၏ (၃၂)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူ ဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ဒီဇင်ဘာ ၉ ရက်က စတင်ကျင်းပစဉ်။** (ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် မြတ်စွယ်တော်ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့ပြီး ပွဲတော်ကို ၁၀ ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။) **ကိုသက်(ဇီးကုန်း)**




# မိတ္ထီလာတွင် လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ဖွင့်လှစ်

**မိတ္ထီလာ ဒီဇင်ဘာ ၁၁**

မိတ္ထီလာမြို့၌ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ရုံးအဆောက်အအုံသစ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် မိတ္ထီလာ အမှတ်(၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဒုတိယဝန်ကြီးက လူမှုဖူလုံရေးစီမံကိန်းစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၅၆ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ လူမှုဖူလုံရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ ကျန်းမာရေးကောင်းမွန်တိုးတက်ပြီး အလုပ်လုပ်နိုင်စွမ်းမြင့်မားကာ ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ အလုပ်သမားများ မကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်အရွယ်ကြီးရင့်မှု၊ သေဆုံးမှုများစသည့် လူမှုဒုက္ခများနှင့် ကြုံတွေ့ရသည့်အခါ အလုပ်သမားနှင့် မိသားစုများအတွက် ထိရောက်ပြည့်စုံသည့်အကျိုးခံစားခွင့်များရရှိစေရေး ဖြစ်ကြောင်း၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကင်ဆာနှင့် နှလုံးရောဂါ အထူးကုဆေးရုံနှစ်ရုံကို ဖွင့်လှစ်သွားနိုင်ရေးအတွက် စီစဉ်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းပြီး အာမခံအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ပြင်ဦးလွင်မြို့ လွတ်လပ်ရေးကျောက်တိုင်သစ် ဇန်နဝါရီ ၄ ရက်အမီ တည်ဆောက်မည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၁**

ပုံစံသစ် ဒီဇိုင်းသစ်ဖြင့် တည်ဆောက်လျက်ရှိသော ပြင်ဦးလွင်မြို့ လွတ်လပ်ရေး ကျောက်တိုင်သစ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အမီ ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်နေသော လွတ်လပ်ရေးကျောက်တိုင်သစ်သည် အမြင့် ၅၇ ပေ ၂ လက်မ ရှိပြီး အောက်ခြေတွင် ခြင်္သေ့ရုပ်ငါးရုပ်ပါ ကြယ်စင်ပုံစံဖြစ်ကာ ခြင်္သေ့ရုပ်များကို ရန်ကုန်မြို့မှ မှာယူထားပြီးဖြစ်ကြောင်း သိရသည်။ ကျောက်တိုင်သစ်ကို မန္တလေး-လားရှိုးလမ်းဘေး သုမင်္ဂလာဈေးအနီးရှိ လက်ရှိကျောက်တိုင်ဟောင်းအနီးတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်များကို ၁၉၄၈ ခုနှစ်တွင် မြို့အထွက် ဓာတ်ဆီဆိုင်အဝိုင်းတွင်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် မြို့တော်ခန်းမနှင့်တွဲလျက် ဘုရင်ခံကုန်းပေါ်တွင်လည်းကောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မန္တလေး-လားရှိုးလမ်းဘေး သုမင်္ဂလာဈေးအနီးတွင် တတိယကျောက်တိုင်ကိုလည်းကောင်း တည်ဆောက်ခဲ့ပြီး ယခုတည်ဆောက်နေသော ကျောက်တိုင်မှာ စတုတ္ထမြောက်ကျောက်တိုင်ဖြစ်ရာ ပြင်ဦးလွင်မြို့သည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကျောက်တိုင် အများဆုံးရွှေ့ပြောင်းတည်ဆောက်သည့် မြို့နယ်အဖြစ် မှတ်တမ်းဝင်ဖြစ်လာကြောင်း သိရသည်။


**သက်နိုင်(ပြင်ဦးလွင်)**

# မန္တလေး-လားရှိုး ရထားလမ်းတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်

**သီပေါ ဒီဇင်ဘာ ၁၁**

မန္တလေး-လားရှိုး မီးရထားလမ်းပေါ် လားရှိုးမြို့ဟောင်းဘူတာမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးလမ်းပိုင်းတစ်လျှောက်၌ သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများကို မြန်မာ့မီးရထားဌာန တိုင်းအမှတ်(၃)မန္တလေးက လဲလှယ်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

သီပေါကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်ရေးစက်ရုံမှူး ဦးအောင်မင်းဦးက "သစ်တောပြုန်းတီးမှု ကာကွယ်ရေးနဲ့ ရေရှည်ခိုင်ခန့်ရေးအတွက် သစ်သားဇလီဖားတုံးနေရာမှာ ကွန်ကရစ်ဇလီဖားတုံးတွေကို အစားထိုးလဲလှယ်ရခြင်းဖြစ်ပါတယ်။ သစ်သားဇလီဖားတုံးက ငါးနှစ်လောက်ပဲ ခံနိုင်ရည်ရှိပြီး ကွန်ကရစ်ဇလီဖားတုံးကတော့ အနည်းဆုံး နှစ် ၆၀ ကျော် ခံနိုင်ရည်ရှိပါတယ်။ ကျွန်တော်တို့စက်ရုံက တစ်နှစ်မှာ ဇလီဖားတုံး ရှစ်သောင်းခန့် ထုတ်လုပ်နိုင်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ လိုအပ်ချက်အရ ဇလီဖားတုံး သုံးသောင်းကျော်ပဲ ထုတ်လုပ်ခဲ့ပါတယ်"ဟုပြောသည်။ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်နေမှုကို သီပေါမြို့နယ်အတွင်း ဘော်ကြိုဘူတာနှင့် သီပေါဘူတာကြား လမ်းပိုင်းတွင် ဒီဇင်ဘာ ၁၀ ရက်က ဆောင်ရွက်နေသည်ကို တွေ့ရပြီး ဆက်လက်၍ မန္တလေး-လားရှိုး မီးရထားလမ်းတစ်လျှောက်တွင်လည်း လဲလှယ်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# အိမ်တွင်းအကြမ်းဖက်မှုဖြေရှင်းခြင်းနှင့် တက္ကသိုလ်များအတွက် ဒီဂျစ်တယ်စာကြည့်တိုက် တီထွင်သူနှစ်ဦးတက်ရောက်မည့် လူငယ်ဖိုရမ် နော်ဝေ၌ ယနေ့စတင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဒီဂျစ်တယ်နှင့် မိုဘိုင်းနည်းပညာတို့မှတစ်ဆင့် အသိပညာဗဟုသုတများထံ လက်လှမ်းမီစေရန်အတွက် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လူငယ်နည်းပညာဆန်းသစ်သူများ တက်ရောက်ကြမည့် တယ်လီနော၏ လူငယ်ဖိုရမ် ၂၀၁၅ကို ယနေ့စတင်ခဲ့ကြောင်း သိရသည်။

ယဉ်ကျေးမှုနှင့် လူနေမှုဘဝပုံစံ ကွဲပြားခြားနားသည့် နိုင်ငံပေါင်းစုံမှ စိတ်အားတက်ကြွသော အသက် ၁၈ နှစ်မှ ၂၈ နှစ်လူငယ်များကို ကိုယ်စားပြုကာခေါ်ယူထားပြီး အဆိုပါဖိုရမ်အတွင်း အနာဂတ်ဒီဂျစ်တယ်ခေတ်ကို စုပေါင်း ပုံဖော်နိုင်ကြမည်ဖြစ်ကြောင်း တယ်လီနော၏ စီအီးအို Sigve Brekke က ပြောကြားသည်။

အဆိုပါဖိုရမ်သို့ အသက် ၂၁နှစ်အရွယ်ရှိ ဆုဝေစိုးသည် အိမ်တွင်းအကြမ်းဖက်မှုများအား အကြံပေးဖြေရှင်းပေးနိုင်သည့် အရေးပေါ် ဟော့လိုင်း စီစဉ်ထားမည့်အကြံဉာဏ်ကို ဖန်တီးခဲ့ပြီး လက်တွေ့အသုံးချနိုင်ခဲ့သဖြင့် နော်ဝေနိုင်ငံတွင် ကျင်းပသည့် အဆိုပါဖိုရမ်သို့ တက်ရောက်ခွင့်ရရှိခြင်းဖြစ်ပြီး သူ့အနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုများဖြစ်သော ဘေးဖယ်ထုတ်ခြင်းခံရသည့် အမျိုးသမီးများကို တစ်စိတ်တစ်ပိုင်း ကူညီခွင့်ရရန် ဟော့လိုင်းကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၁၉ နှစ်သာ ရှိသေးသည့် ဓာတုအင်ဂျင်နီယာဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေသည့် ကိုဖြိုးသူရဌေးမှာမူ တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက် အသုံးတည့်စေမည့် မရှိမဖြစ်လိုအပ်သည့် ဒီဂျစ်တယ်စာကြည့်တိုက်အဖြစ် အသုံးချနိုင်မည့် မိုဘိုင်းဖုန်းအက်ပလီကေးရှင်းတစ်ခုကို တီထွင်နိုင်ခဲ့ခြင်းကြောင့် တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ်က အရင်နှစ်တွေနဲ့မတူတဲ့အချက်တွေရှိတယ်။ အမျိုးသမီး ၁၁ ယောက်ကနေ ၁၄ ယောက်အထိ တိုးပြီးပါလာတယ်။ ဒီနှစ်ရဲ့ ခေါင်းစဉ်ကလည်း လူငယ်များရဲ့ စိတ်ပါဝင်စားမှု အားသန်ရာသင်ကြားရေး အက်ပလီကေးရှင်း တွေကနေ မိုဘိုင်းပညာရေးဂိမ်းများဆီသို့ဆိုတဲ့ ခေါင်းစဉ်ဖြစ်တာကြောင့် လူငယ်တွေအတွက် အများကြီးအကျိုးရှိစေတယ်"ဟု တက်ရောက်နေသူ ကိုဖြိုးသူရဌေးက ပြောကြားသည်။

**ခင်ရတနာ**

# အွန်လိုင်းရှော့ပင်ဈေးကွက်တွင် အားကစားနှင့်ဆက်စပ်ပစ္စည်းများ ရောင်းအားမြင့်တတ်လာ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံမှ အွန်လိုင်းရှော့ပင်ဈေးကွက်အတွင်း အားကစားနှင့် ဆက်စပ်ပစ္စည်းများသည် ပုံမှန်အားဖြင့် ရောင်းအားအနည်းဆုံးဖြစ်သော်လည်း ယခုနှစ် ဆောင်းဦးပေါက်ကာလ ဒီဇင်ဘာလအတွင်း အားကစားနှင့် ဆက်စပ်ပစ္စည်းများလည်း ရောင်းအားမြင့်တတ်လာကြောင်း သိရသည်။

အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော www.ads.com.mm မှ Mr.Elijah Htang က "အွန်လိုင်းဈေးကွက်မှာ အားကစားနဲ့ ဆက်စပ်ပစ္စည်းတွေ ရောင်းအားမြင့်တတ်လာတာဟာ ဒီနှစ်ဆောင်းဦးပေါက်မှုပါ။ ပုံမှန်ကနေ ၂၀ ရာခိုင်နှုန်းလောက်အထိ ရောင်းအားမြင့်တတ်လာတယ်လို့ ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်ကို အသုံးပြုနေတဲ့ Customer တွေ ကနေတစ်ဆင့် ပြန်လည်ကြားသိရပါတယ်။ အားကစားလိုက်စားလာကြတာဟာ အမျိုးသားတွေထက် ဒီဘက်နှစ်မှာ အမျိုးသမီးတွေပိုမိုများပြားလာတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်ရဲ့ အားကစားပစ္စည်းကဏ္ဍမှာ နောက်ပိုင်းဆိုရင် ဒီထက် အားကစားပစ္စည်းအမျိုးအစားစုံလင်အောင်နဲ့ အားကစားပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ ရရှိအောင်လည်း အစီအစဉ်တွေပြုလုပ်ပေးဖို့ ရှိပါတယ်။ လက်ရှိ ကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ အားကစားပစ္စည်းအမျိုးအစား ၂၅၀ ကျော်ကို ဝယ်ယူနိုင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ဆိုင်မှာ ဆောင်းရာသီရဲ့ အလယ်လောက်မှာ ရောင်းအားကောင်းတဲ့ အားကစားပစ္စည်းတွေက ဒီနှစ် ဆောင်းဦးမတိုင်ခင်ကတည်းက ရောင်းအားမြင့်လာတယ်။ အများစုက အမျိုးသမီးတွေဖြစ်ပြီး အိမ်မှာ အလွယ်တကူလေ့ကျင့်ခန်းလုပ်လို့ရတဲ့ပစ္စည်းမျိုးကို ပိုမိုဝယ်ယူလာကြပါတယ်။ တကူးတက လိုက်မပို့ပေးနိုင်တဲ့အတွက် ရနိုင်တဲ့ပစ္စည်းတွေကို အွန်လိုင်းမှာ အသစ်တွေတင်ပေးထားပြီး လိုချင်တဲ့ပစ္စည်းနဲ့ ဈေးနှုန်းကို အွန်လိုင်းကမေးမြန်းပြီး အပြင်မှာလာယူခိုင်းရပါတယ်။ အွန်လိုင်းကနေ မေးမြန်းဝယ်ယူတဲ့နှုန်းက အရင်နှစ်ကထက် ၂၀ ရာခိုင်နှုန်းလောက် တက်လာတာကို တွေ့လာရပါတယ်"ဟု အားကစားပစ္စည်းဆိုင် ဖွင့်လှစ်ထားပြီး အွန်လိုင်းတွင်လည်း ကြော်ငြာရောင်းချနေသော ဆိုင်ရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် လူနေမှုပုံစံများ ပြောင်းလဲလာမှုနှင့်အတူ ကျန်းမာရေးအတွက် အားကစားလိုက်စားမှုလည်း ယခုနှစ်ဆန်းပိုင်းမှစ၍ ပိုမိုမြင့်တက်လာကြောင်း၊ အွန်လိုင်းတွင် ကြော်ငြာ၍ လက်လီလက်ကားရောင်းချနေသော ဈေးကွက်များတွင် ဖက်ရှင်ဆိုင်များကလည်း အားကစားအဝတ်အထည်များကို ဖက်ရှင် တစ်ခုအဖြစ်တင်၍ ရောင်းချလာကြကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဆင်းကတ်နှစ်ခုလုံး 3G သုံးနိုင်မယ့် Lenovo Vibe S1

ပြည်တွင်းဈေးကွက်ကို ဒီတစ်ပတ်အတွင်းမှာ စတင်ဝင်ရောက်ပြီး ထူးခြားချက်အနေနဲ့ ဆင်းကတ်နှစ်ခုလုံးကို 3G သုံးနိုင်တဲ့ စမတ်ဖုန်းမော်ဒယ်သစ် Lenovo Vibe S1 ကို ဖော်ပြလိုက်ပါတယ်။

Lenovo Vibe S1 ဟာ မျက်နှာပြင် ငါးလက်မအကျယ်ရှိပြီး Screen Resolution က 1080x1920 pixel အထိရှိလို့ အရည်အသွေးမြင့် Full HD မြင်ကွင်းတွေကို ရရှိနိုင်မှာပါ။ ဖုန်းမြင်ကွင်းကို ဘယ်အနေအထားမှမဆို ကောင်းမွန်စွာမြင်နိုင်စေမယ့် IPS LCD touchscreen ကို အသုံးပြုထားပြီး မျက်နှာပြင်ဟာ Corning Gorilla Glass 3 အမျိုးအစားဖြစ်တဲ့အတွက် ထိခိုက်မှုဒဏ်တွေကိုလည်း ပိုပြီးခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။ အလေးချိန် ၁၃၇ ဂရမ်သာရှိပြီး ၇ ဒသမ ၈ မီလီမီတာခန့်သာ ထူတာကြောင့် ပါးပါးလွှာလွှာနဲ့ အသုံးပြုရတာ အဆင်ပြေစေမှာဖြစ်ပါတယ်။

Lenovo Vibe S1 မှာ အန်းဒရွိုက်ဗားရှင်း 5.0(Lollipop) ကို အသုံးပြုထားပါတယ်။ Internal Storage အဖြစ် 32GB ပါဝင်ပြီး မင်မိုရီကတ်ကို 128 GB အထိ ထပ်မံတိုးချဲ့ပြီး သုံးနိုင်မှာဖြစ်ပါတယ်။ Processor အနေနဲ့ 1.7 GHz ရှိ Cortex-A53(Octa-core) CPU ကို သုံးထားပြီး RAM 3 GB အထိ ထောက်ပံ့ပေးထားလို့ အင်တာနက် အသုံးပြုတာ၊ HD Game တွေ ကစားတာ၊ Application တွေ သုံးတာအတွက် လျင်မြန်ချောမွေ့စွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းပါဝါအတွက် 2500 mAh Li-Po-battery ပါဝင်ပါတယ်။

ကင်မရာအနေနဲ့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာနဲ့ ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ ရှေ့ကင်မရာတွေ ပါဝင်လို့ ဆယ်လ်ဖီရိုက်ချင်သူတွေအတွက် အရည်အသွေးမြင့်ပုံတွေ ရိုက်နိုင်မှာဖြစ်ပါတယ်။ GSM/WCDMA ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး ထူးခြားချက်ကတော့ ဆင်းကတ်နှစ်ခုလုံးမှာ အင်တာနက်အသုံးပြုမှုကို 2G/3G နဲ့ 4G(LTE) အထိ ချိတ်ဆက်အသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားတာဖြစ်ပါတယ်။

ပြည်တွင်းဈေးကွက်အတွက် ဒီတစ်ပတ်အတွင်းမှာပဲ KMD ကုမ္ပဏီက တရားဝင် ကိုယ်စားလှယ်အဖြစ် စတင် ဖြန့်ဖြူးရောင်းချပါတယ်။ International Warranty တစ်နှစ်ပါဝင်ပြီး ဈေးနှုန်းက ကျပ် ၃၉၀၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**




# ဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးခသက်သာသော နှစ်သစ်ကူးပရိုမိုးရှင်းများ တယ်လီနောပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်သစ်ကူးအထူးအစီအစဉ်အဖြစ် ဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးခသက်သာစေသော ပရိုမိုးရှင်းအသစ်များကို တယ်လီနောက စတင်ပြုလုပ်ထားကြောင်း သိရသည်။

ဖုန်းခေါ်ဆိုခအနေဖြင့် ပုံမှန်ခေါ်ဆိုခ ၂၃ ကျပ်အစား တစ်မိနစ်လျှင် ၁၅ ကျပ်နှုန်းသာ ကျသင့်မည့် မိနစ် ၁၀၀ လျှင် ၁၅၀၀ ကျပ်အစီအစဉ်ကို ပြုလုပ်ထားပြီး အသုံးပြုရန်အတွက် နံပါတ် 500 သို့ T1500 ဟု မက်ဆေ့ပို့၍ ဝယ်ယူရမည်ဖြစ်ကာ အဆိုပါ မိနစ် ၁၀၀ ကို ဝယ်ယူသည့် ရက်မှ ရက် ၃၀ အတွင်း အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်အင်တာနက်သုံးခ တစ်မဂ္ဂါဘိုက်လျှင် ငါးကျပ်နှုန်းနှင့် စမတ်အင်တာနက်တစ်မဂ္ဂါဘိုက်လျှင် ခြောက်ကျပ်နှုန်းထက် ပိုမိုသက်သာစေမည့် စမတ်အင်တာနက် ၅၀၀ မဂ္ဂါဘိုက်အတွက် ၂၇၀၀ ကျပ်နှုန်းအစီအစဉ်ကိုလည်း ပြုလုပ်ထားပြီး ထိုအစီအစဉ်ကို ဝယ်ယူပါက အပို ၁၀၀ မဂ္ဂါဘိုက်ကို ရရှိမည်ဖြစ်ရာ ၆၀၀ မဂ္ဂါဘိုက်အတွက် ၂၇၀၀ ကျပ်သာ ကျသင့်ခြင်းဖြစ်သည်။ ထိုအစီအစဉ်ကို အသုံးပြုရန်အတွက် နံပါတ် 500 သို့ smart 500 mb ဟုမက်ဆေ့ပို့၍ ဝယ်ယူရမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အထိ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အခမဲ့အင်တာနက်သုံးခွင့် ခြောက်လပါဝင်သည့် ပရိုမိုရှင်း OPPO နှင့် MPT ပူးပေါင်းပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်သော OPPO Neo 7 ကို ဝယ်ယူပါက ကျပ်နှစ်သောင်း တန်ဖိုးရှိ လက်ဆောင်ငါးမျိုးအပြင် MPT ဆင်းကတ်တစ်ကတ်နှင့် လစဉ် ၇၇၇ မဂ္ဂါဘိုက်ပမာဏ အင်တာနက်သုံးစွဲမှုကို ခြောက်လအခမဲ့ရရှိမည့် အထူးအစီအစဉ်ကို OPPO Myanmar နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တို့ ပူးပေါင်း၍ ပြုလုပ်ထားကြောင်း သိရသည်။

"မိုဘိုင်းဆက်သွယ်ရေးနယ်ပယ်မှာ ဦးဆောင်နေတဲ့ MPT နဲ့ စမတ်ဖုန်းဈေးကွက်မှာ ထင်ရှားတဲ့ OPPO Neo 7 တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက မိုဘိုင်းဖုန်းအသုံးပြုသူတွေကို ထူးခြားတဲ့ လက်ဆောင်အစီအစဉ်တွေ ပေးချင်တာပါ"ဟု MPT-KSGM Joint Operation မှ Chief Commercial Officer Mr. Koichi Kawase က ပြောသည်။ OPPO Neo 7 နှင့် MPT တို့ ပူးပေါင်းပြုလုပ်သည့် အထက်ပါလက်ဆောင်အစီအစဉ်ကို ရရှိသူများသည် တစ်လလျှင် အနည်းဆုံး ဖုန်းအတွင်း ငွေတစ်ထောင်ကျပ် ထည့်သွင်းထားရမည်ဖြစ်ကြောင်း သိရသည်။

OPPO Neo 7 သည် မျက်နှာပြင်အကျယ် ငါးလက်မရှိပြီး နည်းပညာမြင့်စမတ်ဖုန်းတစ်လုံးဖြစ်ကာ ရောင်းဈေးမှာ ကျပ် ၁၉၉၀၀၀ ဖြစ်သည်။ Neo 7 ကို နိုဝင်ဘာလအတွင်းက ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချခဲ့ပြီး Neo 7 ၏ Product Ambassador များအဖြစ် အဆိုတော် မျိုးကြီး၊ ခင်ဝင့်ဝါနှင့် ရဲရင့်အောင်တို့ကို ခန့်အပ်ထားသည်။

**သူရဖြိုး**

# နှစ်ကုန်ပိုင်းတွင် ကွန်ပျူတာဈေးကွက် အနည်းငယ်အေးလာ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်စဉ် နှစ်ကုန်ပိုင်းတွင် အရောင်းအဝယ်အေးလေ့ရှိသော ကွန်ပျူတာဈေးကွက်၌ ယခုနှစ်လည်း ဒီဇင်ဘာလဆန်းမှစ၍ အနည်းငယ် အရောင်းအဝယ်အေးလာကြောင်း ရန်ကုန်မြို့ ကွန်ပျူတာဆိုင်အချို့မှ သိရသည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်သည် ဒေါ်လာဈေးလှုပ်ရှားမှုရှိသောနှစ်များမှလွဲ၍ နှစ်စဉ်နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် အနည်းငယ် အရောင်းအဝယ်အေးလေ့ရှိကြောင်း၊ ယခုနှစ်တွင်လည်း ယခင်လများကပင် ဒေါ်လာဈေးများ ငြိမ်နေသဖြင့် ကွန်ပျူတာဈေးကွက်အခြေအနေမှာလည်း အနည်းငယ်အရောင်းအဝယ်အေးနေကြောင်း ကွန်ပျူတာဆိုင်ရှင်အချို့ကပြောသည်။

"ဒေါ်လာဈေးက အမြင့်ဈေး ၁၂၉၀ ဝန်းကျင်၊ ၁၃၀၀ နီးပါးလောက်နဲ့ ငြိမ်နေတာ ကြာပါပြီ။ ဒါကြောင့် ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေလည်း အများအားဖြင့် ဈေးနှုန်းက အပြောင်းအလဲမရှိသလောက် တည်ငြိမ်နေပါတယ်။ ဈေးကွက်ကတော့ ဒီလိုလတွေမှာ ပုံမှန်အရောင်းအေးပြီး ကျောင်းသားတွေ ကျောင်းပိတ်ချိန် ဖေဖော်ဝါရီလောက်မှာ အရောင်းအဝယ် ပြန်သွက်တတ်ပါတယ်"ဟု ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။ နှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ပြပွဲများကိုလည်း ကျင်းပလေ့ရှိသဖြင့် ဝယ်ယူသူအများစုမှာ ပရိုမိုးရှင်းအစီအစဉ်များပါသော ပြပွဲများကို စောင့်ဆိုင်း၍ ဝယ်ယူမှုများပြားပြီး ဆိုင်များတွင် ဝယ်ယူမှုလည်း အနည်းငယ်လျော့ကျကြောင်း၊ လက်ရှိအချိန်၌ ဈေးကွက်တွင် Desktop ကွန်ပျူတာများနှင့် Laptop ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများအားလုံး အရောင်းအဝယ် အနည်းငယ်အေးလျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဈေးကွက်အေးနေသော်လည်း မိုဘိုင်းဖုန်းများမှာမူ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ အော်ပရေတာများဖြစ်သော တယ်လီနောနှင့် အော်ရီဒူးတို့က မိုဘိုင်းနက်ဝပ်များကို နယ်မြို့များသို့ တိုးချဲ့လာနိုင်သည်နှင့်အမျှ နယ်များတွင် ဖုန်းအသုံးပြုသူများလာပြီး ဖုန်းဈေးကွက်မှာ နယ်မြို့များသို့ မပြတ်တိုးချဲ့နေရသဖြင့် နယ်ဈေးကွက်မှ ဝယ်ယူမှုမှာ တိုးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# ဘာစီလိုနာတို့ ခက်ခဲပေမယ့် အောင်ပွဲခံဦးမယ့် လာလီဂါပွဲစဉ် (၁၅)

မိုးမြင့်လင်းလက်




စပိန်လာလီဂါပွဲစဉ် (၁၅)ကို ဒီဇင်ဘာ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘာစီလိုနာတို့က အိမ်ကွင်းမှာ ဒီပို့တီဗိုနဲ့ ကစားရမှာဖြစ်လို့ အမှတ်ပြည့်ရဖို့ အားထုတ်ရဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် ခြေစွမ်းပြနေတဲ့ ဆီဗီလာတို့ကလည်း အင်အားပြည့်ပွဲထွက်လာမှာမို့ ပြိုင်ဘက် ဂီဂျွန်းတို့ ရင်ပူစရာပွဲစဉ်နဲ့ ကြုံတွေ့ရဖို့ ရှိနေတာတော့ အမှန်ပါပဲ။

**ဘာစီလိုနာနှင့် ဒီပို့တီဗို**

ဘာစီလိုနာဟာ ဒီပို့တီဗိုနဲ့ ဆုံတိုင်း အနိုင်ရတာများပေမယ့် ပြီးခဲ့တဲ့ မေလက နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ လျှော့တွက်လို့တော့ မရပါဘူး။ အဓိက ကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်လာမယ့် အိမ်ရှင်ဟာ အခုပွဲမှာ ခြေတက်နေတဲ့ ဒီပို့တီဗိုကို အလွယ်တကူ ကျော်ဖြတ်လို့တော့ မရပါဘူး။ အသင်းလိုက် ကစားအားကောင်းမွန်နေတဲ့ ဒီပို့တီဗိုတို့ ဒီပွဲမှာ တစ်မှတ်ရနိုင်ပေမယ့် ဘာစီလိုနာရဲ့ တစ်ဦးချင်း စွမ်းရည်မြင့်မားတဲ့ တိုက်စစ်မှူးတွေကို ထိန်းချုပ်ဖို့ ခက်ခဲပြီး အမှတ်တွေ အကုန်ပေးအပ်ရမယ့် အနေအထားနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

**ဆီဗီလာနှင့် ဂီဂျွန်**

ဂီဂျွန်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကို ကြည့်ရင်တော့ ဂီဂျွန်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားခဲ့ပါတယ်။ ဒါပေမယ့် ခံစစ်စည်းရိုးပေါက်နေတဲ့ ဂီဂျွန်ကို ဆီဗီလာတိုက်စစ်မှူးတွေ ထိုးဖောက်ကျော်ဖြတ်ပြီး ဂိုးရအောင် သွင်းပါလိမ့်မယ်။ ဆီဗီလာတို့ကတော့ လောလောဆယ်မှာ ဗလင်စီယာ၊ လိုဂရိုနက်စ်တို့ကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့လို့ ခြေစွမ်းက ကောင်းမွန်နေပါတယ်။ ဒီပွဲမှာ အိမ်ရှင်တို့ အောင်ပွဲခံပြီး ဂီဂျွန်တို့ မှောင်အတိကျစေဦးမှာပါ။

**လီဗန်တေးနှင့် ဂရန်နာဒါ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် လီဗန်တေးတို့ချည်းပဲ နိုင်ပွဲရထားခဲ့တာပါ။ လောလောဆယ်မှာ လီဗန်တေးတို့က ကစားအားကျဆင်းနေတာမို့ ဂရန်နာဒါတို့ ဒီပွဲမှာ အခွင့်အရေးရယူနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ လီဗန်တေးရဲ့ ရှန်းထအား ဘယ်လောက်ထိရောက်တယ်ဆိုတာ စိတ်ဝင်စားစရာကောင်းနေတာမို့ အခုပွဲမှာ လီဗန်တေးတို့ စွမ်းဆောင်ရည်မြင့်မားရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဆယ်လ်တာဗီဂိုနှင့် အက်စ်ပန်ညို**

ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေတဲ့ ဆယ်လ်တာဗီဂိုအတွက် ဒီပွဲဟာ စိန်ခေါ်မှု တစ်ရပ်ပါပဲ။ အက်စ်ပန်ညိုနဲ့ ဆုံတိုင်း ဆယ်လ်တာဗီဂိုတို့ နိုင်ပွဲ ခက်ခဲခဲ့တာမို့ အခုပွဲမှာ သေသေချာချာ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ဒါပေမယ့် ဆယ်လ်တာဗီဂိုတို့က အိမ်ကွင်းမှာ ရလဒ်ကောင်းတွေရအောင် ဖော်ဆောင်နိုင်တဲ့အပြင် နေရာစုံမှာ စွမ်းအားပြည့်ကစားနိုင်တာမို့ ဒီပွဲမှာ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အက်စ်ပန်ညို တိုက်စစ်မှူးတွေက အဝေးကွင်းဆိုရင် အားထည့်ကစားတတ်တာကို ဟန့်တားထိန်းချုပ်နိုင်ရင်တော့ အနိုင်ဆိုတာ ဆယ်လ်တာဗီဂိုတို့အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။

**လက်စ်ပယ်မက်စ်နှင့် ဘက်တစ်**

ဒီနှစ်လာလီဂါမှာ အဝေးကွင်း ခြေစွမ်းကောင်းတွေ ပြသနေတဲ့ ဘက်တစ်တို့ဟာ ဒီပွဲမှာလည်း ခြေကုန်ထုတ်ပြီး ရင်ဆိုင်ဖို့ ချီတက်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် လက်စ်ပယ်မက်စ်တို့ အိမ်ကွင်းမှာ ဘက်တစ်ကို သုံးဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ အခုပွဲမှာလည်း တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ လက်စ်ပယ်မက်စ်ဟာ ခြေစွမ်းပိုင်း ကျဆင်းနေပြီး အထူးသဖြင့် ကွင်းလယ်ကစားအားလည်း ပြည့်ဝမှုမရှိတာကြောင့် အိမ်ကွင်းဆိုပေမယ့် ဘက်တစ်ကို ခက်ခဲစွာ ဧည့်ခံရပါလိမ့်မယ်။ ဘက်တစ်တို့အတွက်ကတော့ ဒီနှစ်လာလီဂါမှာ အဝေးကွင်း မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးဖို့ ကြိုးစားမှာဖြစ်ပြီး အောင်ပွဲခံတေးဟစ်ကြွေးကာ အိမ်ပြန်ပါလိမ့်မယ်။ ॥

# ဗလင်စီယာနဲ့အတူ မန်ယူကိုရင်ဆိုင်မယ့် ဂယ်ရီနဗီးလ်

မန်ယူ ကစားသမားဟောင်း ဂယ်ရီနဗီးလ်ဟာ ဗလင်စီယာနည်းပြ ဖြစ်လာပြီးနောက် ပထမဆုံး ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မကြာသေးမီက ဗလင်စီယာနည်းပြဖြစ်လာတဲ့ ဂယ်ရီနဗီးလ်ဟာ စပိန်လာလီဂါ ကလပ် ဗလင်စီယာကို ရာသီကုန်အထိ တာဝန်ယူထားတာပါ။ သူဟာ ပွဲဦးထွက်အဖြစ် ဗလင်စီယာနဲ့ လိုင်ယွန်တို့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ပထမဆုံးအရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဗလင်စီယာအသင်းဟာ ဒီရလဒ်ကြောင့် ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ထွက်ခဲ့ပြီဖြစ်ပါတယ်။ လာမယ့် တနင်္လာနေ့မှာတော့ ဗလင်စီယာအသင်းအနေနဲ့ မန်ယူအသင်းနဲ့ ယူရိုပါလိဂ် ကစားရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြီးရင် ယူရိုပါလိဂ်ဟာ ဥရောပမှာ အကြီးဆုံး ပြိုင်ပွဲကြီးပါ။ ဒီပြိုင်ပွဲမှာ မန်ယူနဲ့ ဗလင်စီယာတို့ဟာ လာမယ့် တနင်္လာနေ့မှာ ယှဉ်ပြိုင်ကစားဖို့ ရှိပါတယ်။ ဒီ့အတွက် ဗလင်စီယာနည်းပြ ဂယ်ရီနဗီးလ်အနေနဲ့ အသင်းဟောင်း မန်ယူနဲ့ ကြုံတွေ့ရတော့မှာဖြစ်ပါတယ်။ ဂယ်ရီနဗီးလ်ဟာ မန်ယူမှာ နောက်တန်းကစားသမားအဖြစ် နှစ်ကာလကြာရှည်စွာ ကစားခဲ့သူဖြစ်ပါတယ်။



**ကောင်းမြတ်သူ-စုစည်းသည်**



# အသက် ၄၀ အထိ ဆက်ကစားမယ့်တော့တီ

တော့တီဟာ အီတလီစီးရီးအေမှာရော အီတလီလက်ရွေးစင် သမိုင်းမှာပါ နှစ်ပေါင်းများစွာ ခြေစွမ်းပြကစားနေသူပါ။ ဖရန်ဆက်ကိုတော့တီကို သူ့ရဲ့ စီးရီးအေကလပ် ရိုးမားက စာချုပ် တစ်နှစ်ထပ်မံ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ တော့တီနဲ့ ရိုးမားတို့ရဲ့ လက်ရှိစာချုပ်ဟာ ဇွန်လမှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။ သို့ပေမယ့် ရိုးမားက နောက်ထပ်တစ်နှစ် ထပ်မံစာချုပ်ဖို့ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ သူဟာ ၁၉၉၃ ခုနှစ်မှာ အသက် ၁၆ နှစ်ကတည်းက ရိုးမားအသင်းမှာ ကစားခဲ့တာပါ။ ရိုးမားနဲ့ ကစားတာ ၂၅ နှစ်ရှိသွားပြီဖြစ်ပါတယ်။ ယခု သူ့အသက်က ၃၉ နှစ်ပါ။ ဒီရာသီမှာတော့ အနားမယူသေးဘူးလို့ ဆိုပါတယ်။ ရိုးမားက ၂၀၁၇ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ ပြင်ဆင်နေပြီဖြစ်တဲ့အတွက် အနည်းဆုံး အသက် ၄၀ အထိ ကစားရဖွယ်ရှိပါတယ်။ တော့တီဟာ ရိုးမားအသင်းနဲ့အတူ ၂၀၀၁ ခုနှစ်က စီးရီးအေဖလား၊ ၂၀၀၇ နဲ့ ၂၀၀၈ တို့မှာ ကိုပါအီတာလီယာဖလား၊ ၂၀၀၁ နဲ့ ၂၀၀၇ ခုနှစ်တို့မှာ အီတလီစူပါဖလားတွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာ ၃၀ ရက်က မန်စီးတီးနဲ့ ကစားတဲ့ပွဲမှာ သူသွင်းယူခဲ့တဲ့ ဂိုးဟာ ချန်ပီယံလိဂ်သမိုင်းမှာ အသက် ၃၈ နှစ်နဲ့ အသက်အကြီးဆုံး ဂိုးသွင်းသူဖြစ်ပါတယ်။

# ချန်ပီယံလိဂ်မှာ အုပ်စုဒုတိယနဲ့သာယှဉ်လိုတဲ့ မော်ရင်ညို

ပရီမီယာလိဂ်မှာ ခြေစွမ်းကျနေတဲ့ ချယ်လ်ဆီးအသင်းအနေနဲ့ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲမှာ အုပ်စုဒုတိယအသင်းနဲ့သာ ယှဉ်ပြိုင်ဖို့ ဆန္ဒရှိကြောင်း နည်းပြ မော်ရင်ညိုက ပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲအဖြစ် ပေါ်တိုအသင်းနဲ့ ကစားရာမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး အုပ်စု G မှာ အုပ်စု ပထမနဲ့ ၁၆ သင်းအဆင့် ပြိုင်ပွဲတက်နိုင်ခဲ့ပါတယ်။ မော်ရင်ညိုအနေနဲ့ အုပ်စုဗိုလ်ရခဲ့ပေမယ့် အသင်းရဲ့ ခြေစွမ်းကျနေတဲ့ အနေအထားကြောင့် နာမည်ကြီး အသင်းတွေနဲ့ ယှဉ်ပြိုင်ဖို့ဆန္ဒမရှိဘူးလို့ ဆိုပါတယ်။ အသင်းတိုင်းက ကျွန်တော်တို့နဲ့ ကစားချင်ကြမှာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ အုပ်စုဒုတိယရတဲ့အသင်းနဲ့သာ ယှဉ်ပြိုင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်လို့ မော်ရင်ညိုက ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်တို့လို အသင်းတွေနဲ့ မတွေ့လိုပါဘူးလို့လည်း သူကဆိုပါတယ်။ ဒီဇင်ဘာ ၁၄ ရက်မှာ ၁၆ သင်းအဆင့်ပြိုင်ပွဲတွေကို ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ခြေစွမ်းကျနေတဲ့အတွက် အသင်းကြီးတွေနဲ့ မကစားလိုဘူးလို့ မော်ရင်ညိုက ဆိုပါတယ်။

# ဆီနှင့်ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မြင်းခြံ ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှစီစဉ်၍ ဆီနှင့်ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ကုန်သည်၊ ပွဲစား၊ စက်ပိုင်ကထိန်တော်အသင်း (ကုန်စည်ဒိုင်)၌ ဒီဇင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်စိန်က အမှာစကားပြောကြားပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES)မှ ပရောဂျက်မန်နေဂျာ ဒေါက်တာ ဒေါ်သစ်သစ်လွင်က အမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအကြံပေး ဦးစိုးဝင်းမောင်က မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ဆီထွက်သီးနှံများအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်လင်းက စိုက်ပျိုးပုံနည်းစနစ်များအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သော မြင်းခြံမြို့ရှိ ကုန်သည်များ၊ ပွဲစားများ၊ ဆီစက်ပိုင်ရှင်များနှင့် ကျေးရွာများမှ ဆီထွက်သီးနှံစိုက်ပျိုးကြသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဆီနှင့်ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သတင်းတိုများ

### စဉ့်ကိုင်မြို့တွင် ကွန်ကရစ်ဓာတ်တိုင်များ လဲလှယ်တပ်ဆင်

စဉ့်ကိုင်မြို့တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် New Ever Light ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ လျှပ်စစ်ဓာတ်အားလိုင်းသစ်များ သွယ်တန်းခြင်း၊ ထရန်စဖော်မာသစ်များ တပ်ဆင်ခြင်းနှင့် သစ်သားဓာတ်တိုင်များ နေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ လဲလှယ်တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ရန်အောင်မြင်၊ မြို့မ၊ တရုတ်စု၊ ရန်နိုင်နှင့် မြို့သစ်ရပ်ကွက်များမှ သစ်သားဓာတ်တိုင်များကို ကွန်ကရစ်တိုင်များဖြင့် ဒီဇင်ဘာ ၇ ရက်မှစ၍ လဲလှယ်တပ်ဆင်နေခြင်းဖြစ်ကာ လုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၆၀)**

### ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)အကြောင်းအသိပညာပေးရှင်းလင်း

ကသာမြို့နယ်အတွင်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေးသစ်(IPV)ကို စတင်ထိုးနှံခြင်းအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ခရိုင်ပြည်သူ့ဆေးရုံကြီး ခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပိုလီယိုအကြောသေရောဂါအကြောင်း၊ ကူးစက်ပုံများနှင့် မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်၊ ဆေးထိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကသာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမာသန်းက ပိုလီယိုကာကွယ်ဆေးထိုးဆေးသစ် (Inactivated Polio Vaccine-IVP)အကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ **ငွေအိုး(ကသာ)**

## လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းသင်တန်းဖွင့်

**ဟားခါး ဒီဇင်ဘာ ၁၁**

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ချိန်တွင် အရေးပေါ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုနှင့်ပတ်သက်သော ဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းခွင်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးသင်တန်းကို ဟားခါးမြို့၌ ဒီဇင်ဘာ ၈ ရက်က ဖွင့်လှစ်ခဲ့ရာ ချင်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်က အမှာစကားပြောကြားကာ သင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

BBS U HLA BU'S TOEFL
တန်းသစ် Dec 14 စမည်။ ph - 9252633064/01220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ ( သိတာရုံအနီး )



အမျိုးသားစာပေဆုရ
မောင်မောင်ထွန်းအောင် (ကျန်းမာရေး)၏
၂၉ အုပ်မြောက် စာအုပ်သစ်
မိုးပြိုညှ
နှင့် မဂ္ဂဇင်းဝတ္ထုများ
ထွက်ပြီ
ဟိန်းထက်စာပေ
အမှတ်(၂၅၁) ဒုတိယထပ်(ဝဲ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၂၄၄၅၊ ၀၉၅၄၀၄၇၃၇

စိန်ပင်လယ် (စိန်ရွှေရတနာဆိုင်)
စိန်ချစ်သူများအတွက် အရည်အသွေးကောင်းမွန်သော
စိန်ထည်လက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံ GIA-Certificate စိန်များ
(750) White Gold ဒီဇိုင်းပေါင်းမြောက်များစွာကို ၅% မှ ၂၀%ထိ
အထူးလျှော့ဈေးဖြင့် ရောင်းချနေပါသည်။
(စိန်ဒီဇိုင်းအသစ်အဆန်းများစုစည်းရာ စိန်ပင်လယ်သို့ ကြွခဲ့ပါ)
1. Junction Square Centre, C-049 မြေညီထပ်၊ ကျွန်းတောလမ်းဝင်ပေါက်။
2. AKK Shopping Mall, B-1 ပထမထပ်၊ သဃ်န်းကျွန်းလမ်းမကြီး၊ ဇဝနမှတ်တိုင်။

MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711



UK နိုင်ငံ Edexcel ပညာရေးမှ ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲသစ်များကို Myanmar Noble College တွင် နှစ်စဉ် January နှင့် July လများတွင်တန်းခွဲ (၂)ခု ဖွင့်လှစ်၍သင်ကြားလျှက်ရှိပါသည်။
ကျောင်းသားအများစု စိတ်ပါဝင်စားစွာတက်ရောက်လျက်ရှိသော အောက်ပါဘာသာရပ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည်။
- Construction & the Built Environment (Civil)
- Mechanical
- Electrical & Electronics
- Business
- Computing & Systems Development

UK, Singapore နိုင်ငံရှိတက္ကသိုလ်များသို့တက်ရောက်၍ BEng, BSc (Hons), BA (Hons)စသည့် Bachelor Degree များရရှိနိုင်မည့် အခွင့်အရေးများအား အချိန်၊ငွေကြေး ကုန်ကျမှု သက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်ပါသည်။၂၀၁၆ ပညာသင်နှစ်၏ 10th Batch Intake အား (5.1.2016) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။
မြန်မာနိုင်ငံအထက်ပိုင်းမှ ကျောင်းသား/သူ များအတွက် နိုင်ငံတကာပညာရေးနယ်ပယ်သို့ဝင်ရောက်နိုင်ရန် Myanmar Noble College ၏ ပြင်ဦးလွင် တန်းခွဲသစ်အား (1.2.2016) တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂၀၁၆ တန်းခွဲသစ်အတွက် Scholarships & Discounts ရရှိရန် အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
မြန်မာနိုဘယ်(လ်)ကောလိပ်(ပြင်ဦးလွင်) တန်းခွဲတွင် BTEC HND (Higher National Diploma) တန်းအတွက် Foundation Course အား Semester တစ်ခုတက်ရောက်ပြီးနောက် မြန်မာနိုဘယ်(လ်)ကောလိပ် (ရန်ကုန်) တွင် Year I, Year II (၂) နှစ် တက်ရောက်ရပါမည်။
ကျောင်းသားသစ်များအား ရန်ကုန် Campus နှင့် ပြင်ဦးလွင် Campus တို့တွင်စတင်အပ်နှံနိုင်ပါသည်။
Scholarships up to 50%
ရန်ကုန်-- အမှတ်(၁၀၈)၊ နှင်းဆီလမ်း(အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၁ - ၂၂၀၄၇၆ / ၀၉ - ၇၈၀၆၃၉၅၇၇
